# ခရစ်ဝင်ကျမ်းများ

သင်ခန်းစာ တစ်

ခရစ်ဝင်ကျမ်းများ မိတ်ဆက်

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း** ........ 6

**စာပေဆိုင်ရာလက္ခဏာ** ........ 7

- **အမျိုးအစား** ........ 7
  - သမိုင်းဆိုင်ရာဇာတ်လမ်း ........ 8
  - ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်း ........ 9
  - သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်း ........ 13
- **ယုံကြည်စိတ်ချရမှု** ........ 14
  - အခွင့်ရှိခြင်း ........ 15
  - ပွင့်လင်းခြင်း ........ 16
  - အတည်ပြုချက် ........ 17
  - လေ့ကျင့်ပေးခြင်း ........ 19
  - ဓမ္မပညာခံယူချက်များ ........ 19
  - သန့်ရှင်းသောဝိညာဉ်တော် ........ 20

**အသင်းတော်အတွင်းအခြေအနေ** ........ 22

- **ဖွဲ့စည်းပုံ** ........ 22
  - တူညီမှုများ ........ 23
  - ဖွဲ့စည်းမှုအယူအဆများ ........ 26
  - မှန်ကန်ခြင်း ........ 27
- **စစ်မှန်မှု** ........ 28
  - ယုံကြည်ထိုက်သော စာရေးသူများ ........ 29
  - တမန်တော်များ၏ ခွင့်ပြုချက် ........ 29
  - အသင်းတော်၏သက်သေ ........ 30

**စည်းလုံးညီညွတ်ခြင်း** ........ 32

- **တူညီသော မှတ်တမ်း** ........ 32
- **ယေရှု** ........ 34
  - သက်သေအထောက်အထားများ ........ 34
  - ဝေါဟာရ ........ 36
  - အချိန်ကာလများ ........ 38

**အမျိုးစုံလင်ခြင်း** ........ 40

- **ထင်ရှားသောအခက်အခဲများ** ........ 41

သက္ကရာဇ်စဉ်.....41
ချန်လှပ်ခြင်း.....42
မတူညီသောဖြစ်ရပ်များ.....43
မတူညီသော ဟောပြောမှုများ.....43
**ထူးခြားသော အလေးပေးမှုများ.....44**
မဿဲတွင် ယေရှုသည် မည်သူနည်း။.....46
မာကုတွင် ယေရှုသည် မည်သူနည်း။.....48
လုကာတွင် ယေရှုသည် မည်သူနည်း။.....51
ယောဟန်၌ ယေရှုသည် မည်သူနည်း။.....55
**နိဂုံး.....58**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကျွန်ုပ်တို့ဘဝတွင် သတင်းသည် မည်မျှအရေးကြီးသည်ကို သင်သတိပြုဖူးပါသလား။ ကမ္ဘာလောက နှင့်ပတ်သက်သော ပတ်ဝန်းကျင်ရှိ အရေးကြီးအချက်အလက်များကိုရရှိခြင်းသည် ကျွန်ုပ်တို့၏ထင်မြင်ယူဆ ချက်များ၊ ကျွန်ုပ်တို့၏တန်ဖိုးများ၊ ကျွန်ုပ်တို့၏အစီအစဉ်များနှင့် ကျွန်ုပ်တို့ဘဝ၏အခြားရှုထောင့်များစွာကို လွှမ်းမိုးပါသည်။ တစ်ခါတစ်ရံ သတင်းဖြစ်ရပ်များသည် သိသာထင်ရှားလွန်းသောကြောင့် ကမ္ဘာလောကနှင့် ဆိုင်သည့် ကျွန်ုပ်တို့၏အမြင်တစ်ခုလုံးကို ပြောင်းလဲစေပါသည်။ ကျွန်ုပ်တို့သည်ရပ်တန့်၍ ထိုအရာအား စဉ်းစားလိုက်သောအခါ၊ သမ္မာကျမ်းစာကိုယ်တိုင်သည် သတင်းမှတ်တမ်းများကို သိမ်းဆည်းထားသည်နည်း တူပင်ဖြစ်သည်။ သမိုင်းတစ်လျှောက် ဘုရားသခင့်လူမျိုးနှင့်ပတ်သက်သည့် သတင်းကောင်းနှင့် သတင်းဆိုး မျိုးစုံကို မှတ်တမ်းတင်ထားသည်။ ကျွန်ုပ်တို့သည် ဤမှတ်တမ်းများကို လေ့လာသည်နှင့်အမျှ၊ ၎င်းတို့သည် ပုံစံအမျိုးမျိုးဖြင့် ကျွန်ုပ်တို့ကိုလွှမ်းမိုးကာ ပြောင်းလဲစေသည်။ သို့သော် သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကို ပြောပြလိုသည့် အကောင်းဆုံးသတင်းသည် "သတင်းကောင်း" သို့မဟုတ် "ခရစ်ဝင်ကျမ်းများ" ဟုရိုးရှင်းစွာ ရည်ညွှန်းသော တင်ပြချက်များစုစည်းထားမှု ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏သခင်နှင့် ကယ်တင်ရှင်ဖြစ် သောယေရှုခရစ်၏ပုဂ္ဂိုလ်နှင့် လုပ်ဆောင်မှု၏ ဘဝပြောင်းလဲခြင်းမှတ်တမ်းများဖြစ်သည်။

ဤသင်ခန်းစာသည် ခရစ်ဝင်ကျမ်းများအခန်းဆက်ဆောင်းပါးတွင် ပထမဆုံးသင်ခန်းစာဖြစ်သည်။ ဤအခန်းဆက်ဆောင်းပါးတွင် မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့ ရေးသားခဲ့သော ယေရှုခရစ်၏ အသက် တာနှင့် ဓမ္မအမှုတော်အကြောင်း စာအုပ်များကို လေ့လာပါမည်။ ဤသင်ခန်းစာတွင်၊ "ခရစ်ဝင်ကျမ်းများ မိတ်ဆက်" ဟု ခေါင်းစဉ်တပ်ထားပြီး၊ ၎င်းတို့ကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်ရန်နှင့် ယနေ့ကျွန်ုပ် တို့၏အသက်တာတွင် ပိုမိုပြည့်စုံစွာကျင့်သုံးနိုင်ရန် ကူညီပေးမည့် ဦးတည်ချက်တစ်ခုရရှိမည်ဖြစ်သည်။

ခရစ်ဝင်ကျမ်းများ မိတ်ဆက်တွင်၊ အရေးကြီးသော ကိစ္စရပ်လေးခုကို ဆွေးနွေးပါမည်။ ဦးစွာ၊ ခရစ်ဝင်ကျမ်းများကို သူတို့၏စာပေဆိုင်ရာလက္ခဏာအရ လေ့လာသုံးသပ်ပါမည်။ ဒုတိယ၊ အသင်းတော်ရှိ ၎င်းတို့၏အခြေအနေကို ကြည့်ပါမည်။ တတိယ၊ ခရစ်ဝင်ကျမ်းများကြား စည်းလုံးညီညွတ်မှုကို သုံးသပ်ပါ မည်။ စတုတ္ထ၊ ၎င်းတို့ကို တစ်ခုနှင့်တစ်ခု ကွဲပြားစေသည့်အကြောင်းအရာအမျိုးမျိုးကို လေ့လာပါမည်။ ဤစာအုပ်များ၏ စာပေဆိုင်ရာလက္ခဏာကိုလေ့လာခြင်းဖြင့် စတင်ကြပါစို့။

# စာပေဆိုင်ရာလက္ခဏာ

> ပုံမှန်အားဖြင့်၊ ကျွန်ုပ်တို့သည် စာဖတ်သောအခါတွင် မည်သည့်စာပေအမျိုးအစား ဖတ်နေသည်ကိုသိကြပြီး၊ ထိုသို့သိခြင်းသည် မည်သို့ဖတ်ရမည်နှင့် မည်သည့်အရာ မျှော်လင့်ထားသည်တို့ကို လမ်းညွှန်ပေးသည်။ ထို့ကြောင့်၊ ဥပမာအားဖြင့်၊ သင်သည် သမိုင်းဆိုင်ရာဝတ္ထုတစ်ပုဒ်ကို ဖတ်ရှုပါက၊ ၎င်းကို ဖြစ်ရပ်မှန်သမိုင်းဟု သင်မယူဆ လျှင်၊ သင်သည် လှည့်စားခြင်းလည်း မခံရပါ။ သို့မဟုတ် ဇာတ်လမ်းတိုဝတ္ထုတွဲများ ဖတ်လျှင်၊ ၎င်းသည် အခန်းဆက်ဝတ္ထုရှည်မဟုတ်ကြောင်း သင်သိပါက၊ ၎င်းနည်းဖြင့် သင်မဖတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ဖတ်ရှုနေသည့် စာပေအမျိုးအစားနှင့် မည်သည့် စာပေဆိုင်ရာအစဉ်အလာများ ပါဝင်နေသည်ကို အမှန်တကယ်သိရှိရန် လိုအပ်ပါသည်။
>
> **ဒေါက်တာ Richard Bauckham**

ခရစ်ဝင်ကျမ်းများ၏ စာပေဆိုင်ရာလက္ခဏာကို ရှုထောင့်နှစ်ခုမှ လေ့လာပါမည်။ ပထမ၊ ခရစ်ဝင်ကျမ်းများ၏ အမျိုးအစား—သူတို့၏ကြီးမားကျယ်ပြန့်သော စာပေဆိုင်ရာလက္ခဏာများ—ကို သုံးသပ်ပြီး ဒုတိယ၊ ၎င်းတို့၏ သမိုင်းဆိုင်ရာ ယုံကြည်စိတ်ချရမှုကို ဆွေးနွေးပါမည်။ ခရစ်ဝင်ကျမ်းလေးစောင်၏ အမျိုးအစားကို ဦးစွာကြည့်ကြပါစို့။

## အမျိုးအစား

ယေဘုယျအားဖြင့်၊ အမျိုးအစားတစ်ခုဟူသည် အမျိုးအစား သို့မဟုတ် စာပေပုံစံတစ်ခု ဖြစ်သည်။ ၎င်းတို့၏ ဇာတ်လမ်းပြောပြဟန်နှင့် ပုံဆောင်ဘာသာစကားအသုံးပြုမှုစသည့် ၎င်းတို့၏ စာပေပုံစံနှင့် လုပ်ဆောင်ချက်များအပေါ် အခြေခံ၍ အမျိုးအစားများ ကွဲပြားသည်။

သမ္မာကျမ်းစာတွင် အမျိုးအစားများစွာပါရှိသည်။ ဥပမာ၊ ဓမ္မဟောင်းတွင် ဒါဝိဒ်အကြောင်းမှတ်တမ်း များကဲ့သို့သော သမိုင်းဝင်ဇာတ်လမ်းများ ရှိသည်။ အခြားအမျိုးအစားမှာ ဆာလံကျမ်း ကဲ့သို့သော ကဗျာ လင်္ကာဖြစ်သည်။ ပေးစာများ သို့မဟုတ် ဩဝါဒစာများသည် အခြားအမျိုးအစားဖြစ်ပြီး၊ ပရောဖက်ပြုချက် တို့ဖြစ်ကြသည်။ စာပေအမျိုးအစားတစ်ခုစီတွင် ၎င်း၏ကိုယ်ပိုင်အစဉ်အလာများ၊ ဆက်သွယ်ရန်နည်းလမ်း များရှိသည်။ ထို့ကြောင့် ခရစ်ဝင်ကျမ်းများ၏ အမျိုးအစားကိုနားလည်ရန် အလွန်အရေးကြီးပါသည်။ သူတို့ မည်သို့သွန်သင်သည်ကို ဦးစွာနားလည်ပါက၊ သူတို့ မည်သည့်အရာသွန်သင်သည်ကို နားလည်ရန် ပိုမိုလွယ် ကူသည်။

ခရစ်ဝင်ကျမ်းများ ဆက်သွယ်ပုံကို နားလည်ရန်၊ ၎င်းတို့၏ အမျိုးအစားကို အဆင့်သုံးဆင့်ဖြင့် ခွဲခြား ဖော်ပြပါမည်။ ဦးစွာ၊ ခရစ်ဝင်ကျမ်းများကို သမိုင်းဇာတ်လမ်းအဖြစ် ခွဲခြားသတ်မှတ်သော ယေဘူယျရေး သားချက်အချို့ ပြပါမည်။ ဒုတိယ၊ ၎င်းတို့ကို တိကျသောသမိုင်းဇာတ်လမ်းတစ်ခုဖြစ်သည့် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းနှင့် နှိုင်းယှဉ်ပါမည်။ တတိယအနေဖြင့်၊ ဓမ္မဟောင်းကျမ်းမှ သမိုင်းကြောင်းများကဲ့သို့သော သမ္မာကျမ်းစာသမိုင်းဇာတ်လမ်းများနှင့် ခရစ်ဝင်ကျမ်းများကို နှိုင်းယှဉ်ပါမည်။ သမိုင်းဆိုင်ရာဇာတ်လမ်း၏ ယေဘု ယျအမျိုးအစားဖြင့် စတင်ကြပါစို့။

## သမိုင်းဆိုင်ရာဇာတ်လမ်း

သမိုင်းဆိုင်ရာဇာတ်လမ်းများသည် အတိတ်တွင်နေထိုင်ခဲ့ကြသူများအကြောင်းနှင့် ၎င်းတို့၏အချိန်၌ ဖြစ်ပျက်ခဲ့သော လုပ်ဆောင်မှုများနှင့် အဖြစ်အပျက်များအကြောင်း မှတ်တမ်းများဖြစ်သည်။ အခြေခံအဆင့် တွင်၊ ခရစ်ဝင်ကျမ်းများသည် ယေရှုခရစ်၏အသက်တာနှင့် ဓမ္မအမှုတော်ကို မှတ်တမ်းတင်ထားသောကြောင့် သမိုင်းဆိုင်ရာဇာတ်လမ်းများဖြစ်သည်။

> ကျွန်ုပ်တို့သည် ဇတ်လမ်းထဲမှလူများဖြစ်သောကြောင့် သမ္မာကျမ်းစာနှင့် ခရစ်ဝင်ကျမ်းများကို ဇာတ်လမ်းပုံစံဖြင့် ရည်ရွယ်ကာရေးသားထားသည်။ ကျွန်ုပ်တို့သည် ကြီးမားသောဇတ်လမ်းတွင် စိတ်ပိုင်းဆိုင်ရာသာမက၊ စိတ်ခံစားမှုများနှင့် ရုပ်ပိုင်းဆိုင် ရာအာရုံခံစားမှုများတွင်ပင် သဘာဝအတိုင်း ဆက်စပ်နေကြသည်။ ထို့အပြင် မှတ်တမ်းများသည် ကျွန်ုပ်တို့အား အခြားသူများ၏ အတွေ့အကြုံများမှတဆင့် ရှင်သန်နိုင်စေပါသည်။ ဤသည်မှာ ဇာတ်လမ်း၏ ကြီးမားသောအခွင့်အာဏာ၏ အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် စာပေပုံစံ၊ ဇာတ်လမ်းပုံစံဖြင့် ကျွန်ုပ်တို့ထံ ရောက်လာသော ခရစ်ဝင်ကျမ်းများသည်၊ ကျွန်ုပ်တို့အား ယေရှုအကြောင်း သမ္မာ တရားများကို သင်ပေးပြီး၊ ဘုရားသခင်၏နိုင်ငံတော်နှင့် ကောင်းကင်နိုင်ငံတော် ကြွလာခြင်းတို့ကို လက်တွေ့မြင်တွေ့နိုင်ရန်၊ ကိုယ်တော်ကို လက်တွေ့ခံစားနိုင်စေရန်၊ သခင်ယေရှု၏ ကြင်နာသနားမှုကို ထုတ်ဖော်ပြောဆိုရုံသာမက— ယေရှုသည် နှိမ့်ချသောသူများကို ချစ်သည်— သို့သော် နှိမ့်ချသူများ ချီးမြှောက်ခံရပြီး မာနကြီးသူ များ နှိမ့်ချခံရသည့် မှတ်တမ်းများကို မြင်တွေ့ရန် ဖြစ်သည်။ ခရစ်ဝင်ကျမ်းများရှိ မှတ်တမ်းများနှင့် စာပေပုံစံများသည် ကျွန်ုပ်တို့အား ယေရှု၏တပည့်တော်များ ကဲ့သို့ပင် လိုက်လျှောက်နိုင်စေပါသည်။ ကျွန်ုပ်တို့အား ဇာတ်လမ်းပုံစံ မှတ်တမ်းများ ပေးခြင်းဖြင့် ထိုနည်းအတိုင်း ယေရှုနောက်သို့ ကျွန်ုပ်တို့အား လိုက်နိုင်စေပါသည်။ ၎င်းဇာတ်ကောင်များ၏ ကျရှုံးမှုများ၊ အောင်မြင်မှုများ၌ ကျွန်ုပ်တို့ကိုယ်ကို ခွဲခြား သိမြင်နိုင်ရန်နှင့် ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသက်တာဖြစ်သော ကျွန်ုပ်တို့၏ကိုယ်ပိုင်ဇာတ်လမ်း တွင် သစ္စာရှိစွာရှင်သန်ဖို့ ကြိုးစားရန်ဖြစ်သည်။

**ဒေါက်တာ Jonathan T. Pennington**

ရှေးခေတ်၏ လောကအရေးအသားများတွင်၊ သမိုင်းဆိုင်ရာ ဇာတ်လမ်းများသည် ပုံမှန်အားဖြင့် အပိုင်းသုံးပိုင်းဖြင့် ဖြစ်ပေါ်လာသည်။ ဇာတ်လမ်း၏အစတွင် ဇာတ်ကောင်များကို မိတ်ဆက်ပြီး ဇာတ်ကောင် များအောင်မြင်ရန် ပန်းတိုင်တစ်ခုချမှတ်သည်။ ဇတ်လမ်းအလယ်တွင် ဇာတ်ကောင်များ၏ ရည်မှန်းချက်များ ကို ပြီးမြောက်အောင်မြင်ရန်အတွက် စိန်ခေါ်မှုများ သို့မဟုတ် အတားအဆီးများကို မကြာခဏတင်ပြသည်။ ဇတ်သိမ်းသည် အဖြစ်အပျက်များ၏ နိဂုံးဖြစ်သည်။ ၎င်းသည် ဇာတ်ကောင်များသည် ၎င်းတို့၏ပန်းတိုင်များ ကို မည်သို့ပြီးမြောက်ကြောင်း သို့မဟုတ် မပြီးမြောက်ကြောင်း ပြသလေ့ရှိသည်။

ခရစ်ဝင်ကျမ်းများသည် ဤတူညီသော အခြေခံကောက်ကြောင်းကို လိုက်နာသည်။ မှတ်တမ်းတစ်ခု စီသည် ယေရှုကိုအဓိကဇာတ်ကောင်အဖြစ် မိတ်ဆက်ပေးပြီး ဘုရားသခင့်နိုင်ငံတော်မှတစ်ဆင့် ကယ်တင် ခြင်းရရှိရန် သူ၏ပန်းတိုင်ကို ဖော်ပြခြင်းဖြင့် စတင်သည်။ တစ်ခုစီသည် ယေရှု၏အခွင့်အာဏာနှင့် အမှုတော် အတွက် စိန်ခေါ်မှုများကိုတင်ပြခြင်းဖြင့် ဆက်လက်လုပ်ဆောင်ကြသည်။ တစ်ခုစီသည် ယေရှု၏မြေကြီးဆိုင် ရာဓမ္မအမှုတော်၏ရလဒ်ကို ဖော်ပြခြင်းဖြင့် နိဂုံးချုပ်ကြသည်။ ဤတူညီချက်များကြောင့်၊ သမိုင်းဆိုင်ရာ ဇာတ်လမ်းသည် ခရစ်ဝင်ကျမ်းများ၏ ဆက်စပ်လွှမ်းခြုံသောအမျိုးအစားဖြစ်သည်ကို လူတိုင်းနီးပါး သဘော တူကြသည်။

## ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်း

သမိုင်းဆိုင်ရာဇာတ်လမ်း၏ ကြီးမားသောအမျိုးအစားအတွင်းတွင်၊ ခရစ်ဝင်ကျမ်းများသည် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းအုပ်စုမှ သေးငယ်သောဇာတ်လမ်းတစ်ခု ဖြစ်သည်ဟု အချို့သောအနက်ပြန်သူများ အကြံ ပြုကြသည်။

ခရစ်ဝင်ကျမ်းများနှင့် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းတို့ကြား ဤနှိုင်းယှဉ်ချက်ကို အဆင့်နှစ်ဆင့်ဖြင့် သုံးသပ်ပါမည်။ ပထမဦးစွာ၊ ၎င်းတို့ကြားရှိ တူညီမှုများကို ကြည့်ပါမည်။ ဒုတိယအနေဖြင့် ၎င်းတို့၏ခြားနား ချက်အချို့ကို ကြည့်ပါမည်။ ၎င်းတို့၏ တူညီမှုများနှင့် စတင်ကြပါစို့။

**တူညီမှုများ။** ရှေးခေတ် အတ္ထုပ္ပတ္တိကျမ်းများသည် ကြီးမြတ်သော ခေါင်းဆောင်များ၏ ဘဝများကို ပြန်ပြောင်းပြောပြကြသည်။ ၎င်းတို့တွင် မတူညီသောဇာတ်ကောင်များနှင့် မှတ်တမ်းများစွာ ပါဝင်သော် လည်း၊ ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများတွင် အဆိုပါဇာတ်ကောင်များနှင့် မှတ်တမ်းများသည် ထင်ရှားသော ခေါင်းဆောင်ကို မီးမောင်းထိုးပြသည့် နည်းလမ်းများဖြင့် ဖော်ပြသည်။ ၎င်းတို့သည် ခေါင်းဆောင်၏ အယူအဆ များကို ခုခံကာကွယ်ကြပြီး၊ ခေါင်းဆောင်၏ လုပ်ရပ်များကို

မျိုးဆက်တစ်ခုမှ တစ်ခုသို့ စဉ်ဆက်မပြတ် ဆက်လက်တည်ရှိစေပါသည်။ ခရစ်ဝင်ကျမ်းများသည် ဤနည်းများဖြင့် ရှေးခေတ်အတ္ထုပ္ပတ္တိကျမ်းများနှင့် ဆင်တူသည်။

မဿဲနှင့် လုကာတို့သည် မွေးဖွားခြင်းဆိုင်ရာ ဇာတ်လမ်းများပါဝင်ပြီး၊ ခရစ်ဝင်ကျမ်း လေးစောင်လုံး သည် ယေရှု၏အသေခံခြင်းကို အသေးစိတ်ဖော်ပြသည့်အချက်တွင် ရှေးခေတ်အတ္ထုပ္ပတ္တိကျမ်းအချို့နှင့် တူညီသည်ကို တွေ့မြင်ရသည်။ ခရစ်ဝင်ကျမ်းများသည် ယေရှု၏သက်တော်စဉ်၏အဖြစ်အပျက်များကို ခြေရာခံရင်း ရှေးခေတ်အတ္ထုပ္ပတ္တိဆိုင်ရာအစဉ်အလာများကိုလည်း လိုက်နာကြသည်။ အခြားရှေးခေတ် အတ္ထုပ္ပတ္တိကျမ်းရေးသူများကဲ့သို့ပင်၊ ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏မွေးဖွားခြင်းနှင့် သေဆုံးခြင်း ကြားရှိအဖြစ်အပျက်များကို နည်းလမ်းအမျိုးမျိုးဖြင့် သေချာစွာစီစဉ်ကြသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့ သည်အကြောင်းအရာများကို သက္ကရာဇ်စဉ်အလိုက်ဖော်ပြကြသည်။ တစ်ခါတစ်ရံ အကြောင်းအရာများကို ခေါင်းစဉ်အလိုက် အုပ်စုဖွဲ့တတ်ကြသည်။ တစ်ခါတစ်ရံတွင် ပထဝီဝင်အနေအထားအရ သေချာစွာစီစဉ် ကြသည်။

> ခရစ်ဝင်ကျမ်းများသည် ယေဘုယျအားဖြင့် သက္ကရာဇ်စဉ်အလိုက်ဖော်ပြကြောင်း ဦးစွာအသိအမှတ်ပြုနားလည်ရန် အရေးကြီးသည်ဟု ထင်ပါသည်။ ဥပမာအားဖြင့်၊ ၎င်းတို့သည် နှစ်ခြင်းဆရာယောဟန်၏ဗတ္တိဇံနှင့်စတင်သည်၊ ထို့နောက် ယေရှုနှစ်ခြင်း ခံသည်ကိုမြင်ရပြီး၊ ယေရှု၏ဓမ္မအမှုတော်လုပ်ငန်း၊ ဖမ်းဆီးခံရခြင်း၊ စစ်ဆေးစီရင် ခြင်း၊ လက်ဝါးကပ်တိုင်တင်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို သင်တွေ့မြင်ရ သည်။ ထို့ကြောင့် ခြုံငုံသဘောအရ၊ သက္ကရာဇ်စဉ်အလိုက်ဖော်ပြမှုရှိပါသည်။ တစ်ချိန်တည်းမှာပင်၊ သင်သည်ခရစ်ဝင်ကျမ်းနှစ်ခုကို နှိုင်းယှဉ်ပါက၊ တစ်ခါတစ်ရံ တွင် ဖြစ်ရပ်များ သို့မဟုတ်အသုံးအနှုန်းများစသည့် မတူညီသောအစီအစဉ်ထားရ မည့်နေရာများရှိပါသည်။ ခရစ်ဝင်ကျမ်းများကို သက္ကရာဇ်စဉ်အလိုက် တိကျစွာ ဖော်ပြရန် ရည်ရွယ်ခြင်း သို့မဟုတ် တောင်းဆိုခြင်းသည်သာ ပြဿနာဖြစ်စေသည်ဟု ထင်ပါသည်။ သို့သော် စာရေးသူအများစုနှင့် ဇာတ်လမ်းအများစုသည် အမှန်တကယ် အားဖြင့် စာရေးသူတစ်ဦးအား သက္ကရာဇ်စဉ်အလိုက်ဖော်ပြခြင်း မဟုတ်သော အခြား အစီအစဉ်ဖြင့် သူ၏အကြောင်းအရာကို စုစည်းခွင့်ပြုထားသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့သည် ယုတ္တိကျသောအစီအစဉ်ကို မကြာခဏ တွေ့ရလိမ့်မည် သို့မဟုတ် ဘာသာရပ်ဆိုင်ရာ အုပ်စုဖွဲ့ခြင်းကို တွေ့မြင်ရလိမ့်မည်။ ဥပမာအားဖြင့် ကနဦးခရစ် ယာန်များ၊ လေးရာစုအစောပိုင်းခရစ်ယာန်သမိုင်းပညာရှင်နှင့် ဘုန်းတော်ကြီး Eusebius သည်၊ ခရစ်ဝင်ကျမ်းများ၏အစီအစဉ်ကွာခြားချက်များကို ကျယ်ပြန့်စွာ သိရှိထားပြီးဖြစ်ကြောင်း၊ ကနဦးစာဖတ်သူများသည် ၎င်းနှင့်ပတ်သက်၍

မည်သည့် ပြဿနာမရှိဟု မှတ်သားထားသည်။ အကြောင်းမှာ တင်းကျပ်သည့်သက္ကရာဇ်စဉ် အလိုက်ဖော်ပြရန် ရည်ရွယ်ချက်မရှိခဲ့ဟု သူတို့ယူဆသည်။

**ဒေါက်တာ David A. Redelings**

ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများ၏ နောက်ထပ်အရေးကြီးသော လက္ခဏာသည် အတိတ်ဖြစ်ရပ်များ ကို သမိုင်းဖြစ်ရပ်မှန်များအဖြစ် ဆက်စပ်ပေးသောကြောင့် အတိတ်သည် ပစ္စုပ္ပန်နှင့် ကွဲပြားသွားစေရန်ဖြစ် သည်။ အတ္ထုပ္ပတ္တိများသည် ထူးခြားသော၊ ထပ်၍မရနိုင်သော ဘဝများနှင့် သီးခြားဖြစ်သည့် သမိုင်းဝင်ပုဂ္ဂိုလ် များ၏ ပေးဆပ်မှုများကို မှတ်တမ်းတင်ရန် အာရုံစိုက်သည်။

ယေဘူယျအားဖြင့်၊ ရှေးခေတ်အတ္ထုပတ္တိကျမ်းပညာရှင်များသည် နှုတ်မှတ်တမ်းများနှင့် ရေးသား ထားသည့် တိကျသောမှတ်တမ်းများကို သုတေသနပြုထိန်းသိမ်းရန် ကြိုးစားခဲ့ကြသည်။ အေဒီ ၄၆ မှ ၁၂၀ ခုနှစ်အထိ နေထိုင်ခဲ့သော လေးစားဖွယ် အတ္ထုပ္ပတ္တိကျမ်းပညာရှင် Plutarch ပေးသည့် ဥပမာကို သုံးသပ် ကြည့်ပါ။ Plutarch သည် အေဒီ ၇၀ ဝန်းကျင်၊ ခရစ်ဝင်ကျမ်းများရေးသားခဲ့သည့် အချိန်နှင့်တစ်ချိန်တည်းမှ ဂရိသမိုင်းပညာရှင်တစ်ဦးဖြစ်သည်။ သူသည် Cicero ၏ဘဝအကြောင်းနှင့်ပတ်သက်၍ Cicero ၏မိဘများ အကြောင်းနောက်ခံဖြင့် စတင်လေ့လာခဲ့သော်လည်း၊ Cicero ၏ဖခင်နှင့်ပတ်သက်သော သတင်းအချက်အ လက်ကန့်သတ်ချက်များကို အသိအမှတ်ပြုခဲ့သည်။

> ယေဘူယျအားဖြင့်၊ Cicero ၏မိခင် Helvia သည် ကောင်းမွန်စွာကြီးပြင်းခဲ့ပြီး ပျော်ရွှင်သောဘဝဖြင့် နေထိုင်ခဲ့သည်၊ သို့သော် သူ့ဖခင်အကြောင်းသည် အစွန်း ရောက်မှုမှလွဲ၍ မည်သည့်အရာမှမရှိ။ အချို့သည် သူ့အား ခဝါသည်၏သား၊ ထိုလုပ်ငန်းတွင် ပညာသင်ကြားခဲ့သည်ဟုဆိုသည်။ အခြားသူများမှာမူ သူ့မိသားစု၏ မူလဇစ်မြစ်ကို ရောမတို့အားဂုဏ်အသရေဖြင့် စစ်ဆင်နွှဲခဲ့သော Volscians ၏ ထင်ရှားကျော်ကြားသောဘုရင် Tullus Attius ထိတိုင် ပတ်သက်ကြောင်းဆိုကြ သည်။

Cicero ၏မိဘများနှင့်ပတ်သက်၍ ထင်ကြေးပေးသည့်အချက်ကို ခွဲထုတ်ရာတွင် Plutarch ၏ သတိပေးချက်သည်၊ ရှေးအတ္ထုပ္ပတ္တိကျမ်းအချို့သည် သမိုင်းဆိုင်ရာအသေးစိတ်အချက်အလက်များကို အာရုံစိုက်ခဲ့ပြီး တိကျမှုကို စိတ်ဝင်စားကြသည်ကို ဖော်ပြသည်။ ခရစ်ဝင်ကျမ်းများသည် ၎င်းတို့၏တင်ပြ ချက်တွင် Plutarch ကဲ့သို့ အနည်းငယ်သတိထားနေကြောင်း သက်သေထူသည်။

အကြမ်းဖျင်းအားဖြင့်ပြောရလျှင်၊ ခရစ်ဝင်ကျမ်းများသည် ဂရိ-ရောမ အတ္ထုပ္ပတ္တိစာပေများ ခေတ်စားနေချိန်ကာလအတွင်း ရေးသားခဲ့သော သမိုင်းဆိုင်ရာဇာတ်လမ်းများဖြစ်သည်ဟုဆိုလျှင် တရားမျှတပါသည်။ ဤအတ္ထုပ္ပတ္တိကျမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ပွင့်လင်းမြင်သာစွာ ဖွင့်ဆိုခြင်းသည်

ခရစ်ဝင်ကျမ်းရေးသူများကို ၎င်းတို့၏တာဝန်တွင် အားပေးမှုဖြစ်စေခဲ့ဖွယ်ရှိပြီး၊ ထိုအတ္ထုပ္ပတ္တိကျမ်းများ၏ အစဉ်အလာများအချို့ကို လက်ခံကျင့်သုံးရန် လှုံ့ဆော်ပေးနိုင်သည်။

သို့သော် ခရစ်ဝင်ကျမ်းများနှင့် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများကြား တူညီသော်လည်း သိသာထင် ရှားသော ကွဲပြားမှုများလည်း ရှိသေးသည်။

**ကွာခြားချက်များ။** ကွာခြားချက်များများစွာရှိသော်လည်း သုံးခုကိုသာ အာရုံစိုက်ပါမည်။ ဦးစွာ၊ ခရစ်ဝင်ကျမ်းများသည် ၎င်းတို့ရည်ရွယ်ထားသော ပရိသတ်များတွင် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများနှင့် ကွဲပြားသည်။

အများအားဖြင့် ရှေးအတ္ထုပ္ပတ္တိကျမ်းများသည် ကျယ်ပြန့်သောပရိသတ်များအတွက် ရည်ရွယ်ပြီး၊ ခရစ်ဝင်ကျမ်းများသည် ကနဦးခရစ်ယာန်အသင်းတော်၏ သီးသန့်ပရိသတ်များအတွက် ရေးသားထား ခြင်းဖြစ်သည်။ ၎င်းတို့သည် အချို့သောအတ္ထုပ္ပတ္တိကျမ်းများ၏ စရိုက်လက္ခဏာများကို ဖော်ပြကြသော် လည်း၊ ၎င်းတို့သည် အခြေခံအားဖြင့် အသင်းတော်အတွင်း ဘာသာရေးအတွက် ရည်ရွယ်ပါသည်။ အသင်းတော်၏ သွန်သင်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းတွင် မည်မျှလျင်မြန်စွာ အသုံးပြုလာကြောင်းကို ဤသီးခြားပုံစံသည် အတည်ပြုခဲ့သည်။

ဒုတိယ၊ ခရစ်ဝင်ကျမ်းများသည် ၎င်းတို့၏ အလေးပေးဖော်ပြချက်များတွင် အတ္ထုပ္ပတ္တိကျမ်းများနှင့် ကွဲပြားသည်။ ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများသည် ပုံမှန်အားဖြင့် ၎င်းတို့၏ ပင်မဇာတ်ကောင်များ၏ ပုဂ္ဂိုလ် ရေးအရည်အချင်းများကို အလေးပေးဖော်ပြကြပြီး၊ အခြားသူများအား ၎င်းတို့၏ဘဝနှင့် အရည်အချင်းများ ကို အတုယူရန် အားပေးကြသည်။ ယေရှု၏သက်တော်စဉ်သည် ကျွန်ုပ်တို့၏စံနမူနာဖြစ်ရန် နည်းလမ်းများစွာ ရှိသော်လည်း၊ ခရစ်ဝင်ကျမ်းများတွင် ကွဲပြားသောအာရုံစူးစိုက်မှုရှိသည်။ ယေရှု၏ထူးခြားမှုကို အလေးပေး ဖော်ပြကြသည်။ သူတို့သည် ယေရှုအား ဘုရားသခင်ကိုထုတ်ဖော်ပြသသူအဖြစ်အာရုံစိုက်ပြီး၊ အခြားမည်သူ မျှမတတ်နိုင်သည့် သူ၏လူများကို ရွေးနုတ်ခြင်းလုပ်ငန်းကို ပြခဲ့သည်။ ထို့ကြောင့် ခရစ်ဝင်ကျမ်းများ၏ ဇာတ်လမ်းများစွာကို သူ့ဘဝ၏နောက်ဆုံးပတ်ဖြစ်သည့် Passion week တွင် ကုန်ဆုံးစေသည်။

တတိယ၊ ခရစ်ဝင်ကျမ်းများနှင့် ရှေးအတ္ထုပ္ပတ္တိကျမ်းများသည် မတူညီသောယဉ်ကျေးမှုများကို ကိုယ် စားပြုသည်။ အတ္ထုပ္ပတ္တိကျမ်းများသည် ဂရိ-ရောမတို့၏ စိတ်ဝင်စားမှု၊ တန်ဖိုးထားမှုများနှင့် ဘဝပုံစံတို့ကို ဖော်ပြသည်။ ခရစ်ဝင်ကျမ်းများသည် ဂျူးယဉ်ကျေးမှုနှင့် အထူးသဖြင့် ဓမ္မဟောင်းလွှမ်းမိုးမှုများစွာရှိသည်။ ဤသည်မှာ ဂရိယဉ်ကျေးမှုနှင့် အတွေးအမြင်တို့၏ လွှမ်းမိုးမှုအရှိဆုံးခရစ်ဝင်ကျမ်းဖြစ်သည့် လုကာခရစ်ဝင် ကျမ်းပင် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်၊ ခရစ်ဝင်ကျမ်းများနှင့် ဂရိ-ရောမအတ္ထုပ္ပတ္တိကျမ်းများအကြား ထင်ရှားသောတူညီ ချက်များရှိသည်။ ထိုတူညီချက်များသည် ခရစ်ဝင်ကျမ်းများ၏အဓိပ္ပာယ်ကို အလင်းအနည်းငယ်ပေးနိုင် သည်။ သို့သော် ၎င်းတို့ကြားရှိ သိသာထင်ရှားသော ကွာခြားချက်များကြောင့်၊ ခရစ်ဝင်ကျမ်းများသည် ဂရိ-ရောမအတ္ထုပ္ပတ္တိကျမ်းအမျိုးအစားနှင့် အံမဝင်ကြောင်း ထင်ရှားပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘောဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းမှတ်တမ်းများကို ယေဘူယျသမိုင်းဆိုင်ရာဇာတ်လမ်းနှင့် ဂရိ-ရောမအတ္ထုပ္ပတ္တိကျမ်းတို့၌ ထည့်သွင်းစဉ်းစားခြင်းဖြင့်၊ ၎င်းတို့ကို သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်း အမျိုးအစားနှင့် နှိုင်းယှဉ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

## သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်း

ခရစ်ဝင်ကျမ်းများသည် ပုံမှန်သမိုင်းဆိုင်ရာဇာတ်လမ်းများနှင့် ဂရိ-ရောမအတ္ထုပ္ပတ္တိကျမ်းများကဲ့သို့ ပင်၊ ၎င်းတို့သည် ဓမ္မဟောင်းသမိုင်းဆိုင်ရာဇာတ်လမ်းများနှင့် အနီးစပ်ဆုံးဖြစ်သည်။ သို့သော် ဤအရာ ကြောင့် ကျွန်ုပ်တို့ မအံ့သြသင့်ပါ။ အမှန်မှာ၊ ဓမ္မဟောင်းဆိုင်ရာဇာတ်လမ်းများသည် ခရစ်ဝင်ကျမ်းရေးသူ များ၏ မြင့်မြတ်သောကျမ်းစာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းကို များစွာကိုးကားထား သော ခရစ်ဝင်ကျမ်းရေးသူတစ်ဦးစီသည်၊ ဓမ္မဟောင်းကျမ်းကို ကောင်းစွာသိကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်—ယနေ့ခရစ်ယာန်အများစုထက် များစွာသာလွန်နိုင်သည်။ ၎င်းတို့၏ ဓမ္မဟောင်းကျမ်းနှင့်ရင်းနှီး ကျွမ်းဝင်မှုသည် သူတို့၏တာဝန်အား မည်ကဲ့သို့ ချဉ်းကပ်ပုံအပေါ် လွှမ်းမိုးခဲ့သည်။

ထို့အပြင်၊ ခရစ်ဝင်ကျမ်းရေးသူများနှင့် ဓမ္မဟောင်းကျမ်း သမိုင်းဆိုင်ရာရေးသူများသည် တူညီသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည်၊ ဆိုလိုသည်မှာ၊ ကိုယ်တော်၏လူများနှင့် ဘုရားသခင်၏ပဋိညာဉ်ကို ရှင်းပြရန်နှင့် ကာကွယ်ရန်ဖြစ်သည်။ ဥပမာ၊ ထွက်မြောက်ရာကျမ်း ၁-၁၉ ကဲ့သို့သော သမိုင်းဆိုင်ရာဇာတ် လမ်းများသည် ထွက်မြောက်ရာကျမ်း ၂၀-၂၄ တွင်တွေ့ရသော မောရှေနှင့်ပဋိညာဉ်အတွက် သမိုင်းအခြေခံကို ပံ့ပိုးပေးပါသည်။

ထွက်မြောက်ရာ ၂၄:၈ ကဲ့သို့သော ကျွန်ုပ်တို့ဖတ်ရသည့် ကျမ်းပိုဒ်များတွင် ဤဇာတ်လမ်းရည်ရွယ် ချက်သည် ရှင်းပါသည်။

> မောရှေသည်လည်း၊ အသွေးကို ယူ၍ လူများအပေါ်မှာ ဖြန်းလျက်၊ "ဤအသွေးကား ဤအမှုအရာတို့တွင် သင်တို့၌ ထာဝရဘုရားဝန်ခံတော်မူသော ပဋိညာဉ်၏အသွေး ဖြစ်သည်ဟု ပြောဆို၏" (ထွက်မြောက်ရာ ၂၄:၈)။

ယောရှု ၁-၂၃ ကဲ့သို့သော အခြားသော သမ္မာကျမ်းစာဇာတ်လမ်းများသည်၊ ယောရှု ၂၄ ပါ ပဋိညာဉ် သစ်အတွက် အခြေခံကို ပေးသည်။ တရားသူကြီးမှတ်စာနှင့် ၁ ရာဇဝင်၏ ဇာတ်လမ်းများသည် ၂ ရာဇဝင် ၇ ရှိ ဒါဝိဒ်ပဋိညာဉ်၏သမိုင်းဆိုင်ရာအခြေခံဖြစ်သည်။ အလားတူပင်၊ ခရစ်ဝင်ကျမ်းများသည် ယေရှုတည်ခဲ့ သော ပဋိညာဉ်သစ်အတွက် သမိုင်းအုတ်မြစ်ကို ပေးသည်။

လုကာ ၂၂:၂၀ တွင် လုကာ၏ဇာတ်လမ်းအား ထွက်မြောက်ရာ ၂၄:၈ တွင်ကျွန်ုပ်တို့ဖတ်ဖူးသော ပဲ့တင်ပုံကို နားထောင်ပါ_

> ထိုနည်းတူညစာစားပြီးမှ ခွက်ကိုလည်းယူ၍၊ "ဤခွက်ကား သင်တို့အဘို့အလို့ငှါ သွန်းသော ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏" (လုကာ ၂၂:၂၀)။

အချုပ်အားဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းများကို အခြားလူသိများသော စာပေအမျိုးအစားများ နှင့် နှိုင်းယှဉ်သောအခါ၊ ၎င်းတို့သည် သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်းများနှင့် အလွန်ဆင်တူပါသည်။ သို့သော် ၎င်းတို့သည် အခြားသော သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်းများကဲ့သို့ အတိအကျတူညီသည် ဟု မဆိုလိုပါ။ နောက်ဆုံးတွင်၊ ၎င်းတို့သည် ဂရိ-ရောမ အတ္ထုပ္ပတ္တိကျမ်းများမှ အင်္ဂါရပ်အချို့ကို ငှား၍သုံးကြ သည်။ ဤသဘောအရ၊ ခရစ်ဝင်ကျမ်းများသည် သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်းပုံစံသစ် တစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ၎င်းတို့ကိုဖတ်ရှုသောအခါ၊ ခရစ်ဝင်ကျမ်းများ ကို အဓိကအားဖြင့် သမ္မာကျမ်းစာသမိုင်းဆိုင်ရာဇာတ်လမ်းများအဖြစ် စဉ်းစားရန် အထောက်အကူဖြစ်လိမ့် မည်။ သို့သော် ကျွန်ုပ်တို့သည် ၎င်းတို့၏ယေရှုအပေါ် အတ္ထုပ္ပတ္တိအလေးပေးခြင်းကို ကြည့်ရှုပြီး၊ ကိုယ်တော် နှင့်စပ်လျဉ်းသည့် အခြားဇာတ်ကောင်များကို အနက်ပြန်ဆိုသင့်သည်။

ခရစ်ဝင်ကျမ်းများ၏ အမျိုးအစားကိုလေ့လာပြီးနောက်၊ ယေရှုနှင့်ပတ်သက်သော သမိုင်းမှတ်တမ်း များအဖြစ် ခရစ်ဝင်ကျမ်းများ၏ ယုံကြည်စိတ်ချရမှုဆိုင်ရာ မေးခွန်းကိုလေ့လာရန် အသင့်ဖြစ်နေပြီဖြစ် သည်။

# ယုံကြည်စိတ်ချရမှု

သမိုင်းတစ်လျှောက်တွင်၊ ယုံကြည်စိတ်ချရသော သမိုင်းပညာရှင်များနှင့် ယုံကြည်စိတ်ချ၍မရသော သမိုင်းပညာရှင်များကြား၊ ယုံကြည်စိတ်ချရသော အရင်းအမြစ်များနှင့် ယုံကြည်စိတ်ချ၍မရသော အရင်းအ မြစ်များကြား၊ ခြားနားချက် အမြဲဖြစ်ပေါ်သည်။ ကျွန်ုပ်တို့အတွက် မေးခွန်းသည်_ ခရစ်ဝင်ကျမ်းလေးစောင် ကို ရေးသားသူများသည် ယေရှု၏သက်တော်စဉ်ဆိုင်ရာ ယုံကြည်စိတ်ချရသော သို့မဟုတ် ယုံကြည်စိတ်ချ၍ မရသောမှတ်တမ်းများကို ရေးခဲ့ပါသလား။ ကျွန်ုပ်တို့ခေတ်၏စံနှုန်းများသည် ၎င်းတို့လိုက်နာခဲ့သောစံနှုန်းများ နှင့် ထပ်တူမကျသော်လည်း မဿဲ၊ မာကု၊ လုကာ၊ နှင့် ယောဟန်တို့သည် ယေရှုနှင့်ပတ်သက်သော ယုံကြည် ထိုက်သောမှတ်တမ်းများရေးရန် အရင်းအမြစ်များနှင့် လှုံ့ဆော်မှုရှိကြောင်း အထောက်အထားများစွာရှိသည်။

ခရစ်ဝင်ကျမ်းများသည် ယေရှု၏သက်တော်စဉ်၏ ယုံကြည်စိတ်ချရသောသမိုင်းမှတ်တမ်းများဖြစ် ကြောင်း သက်သေပြနိုင်သည့် မရေမတွက်နိုင်သောနည်းလမ်းများ ရှိသော်လည်း အထောက်အထားခြောက်ခု ကိုသာ အာရုံစိုက်ပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အခွင့်ရှိခြင်း

ရှေးဦးစွာ၊ ခရစ်ဝင်ကျမ်းရေးသူများသည် သူတို့မှတ်တမ်းတင်ထားသော အဖြစ်အပျက်များအား မှတ်တမ်းတင်ခွင့်ရှိခဲ့သည်။ ယနေ့ခေတ်ကဲ့သို့ပင်၊ ရှေးခေတ်ကမ္ဘာသည် ယုံကြည်စိတ်ချရသော သမိုင်း ပညာရှင်များသည် ၎င်းတို့၏အကြောင်းအရာနှင့်ပတ်သက်သည့် အချက်အလက်များစွာကို သိရှိခွင့်ရရန် မျှော်လင့်ခဲ့သည်။

ရောမသမိုင်းပညာရှင် Plutarch ကို နောက်တစ်ကြိမ် ပြန်စဉ်းစားကြည့်ပါ။ the Life of Demosthenes အတွက် သူ၏အဖွင့်မှတ်ချက်တွင်၊ သမိုင်းပညာရှင်တစ်ဦးသည် သူ၏အလုပ်ကိုမည်ကဲ့သို့ လုပ်ဆောင်သင့်သည်နှင့်ပတ်သက်၍ ဤဘုံယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များကို သူဖော်ပြခဲ့သည်_

> သမိုင်းကိုရေးရန် ကြံစည်သူတိုင်းသည် ... ပထမဦးဆုံးနှင့်အရာအားလုံးထက် အရေးကြီးဆုံးမှာ...စာအုပ်အမျိုးအစား အစုံအလင်ရှိဖို့အရေးကြီးဆုံးဖြစ်ပြီး... စာရေးသူများ၏ကညစ်များမှ လွတ်မြောက်ပြီးနောက်၊ သူ၏အလုပ်တွင် များစွာသောအားနည်းမှုရှိမည်ကိုစိုးရိမ်၍ လူသားတို့၏အမှတ်ရစရာများတွင် ပို၍ သစ္စာရှိစွာထိန်းသိမ်းထားသည်။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ယုံကြည်စိတ်ချရသော သမိုင်းပညာရှင်တစ်ဦးသည် ယုံကြည်စိတ်ချရသော အရင်းအမြစ်များထံ ဝင်ရောက်ခွင့်ရရှိရန် လိုအပ်ကြောင်း Plutarch အခိုင်အမာ ယုံကြည်ခဲ့သည်။ ထို့ပြင် သူသည်ရေးထားသောမှတ်တမ်းများနှင့် နှုတ်ဖြင့်ပြောသောအရာများ နှစ်ခုလုံးပါဝင် သည့် ရရှိနိုင်သောအရင်းအမြစ်အားလုံးကို ဂရုတစိုက် စာရင်းပြုစုခြင်းအား အလွန်တန်ဖိုးထားသည်။

ခရစ်ဝင်ကျမ်းရေးသူတစ်ဦးစီတိုင်းသည် ယေရှု၏သက်တော်စဉ်အား ကိုယ်တိုင်မျက်မြင်သက်သေ ဖြစ်သည် သို့မဟုတ် ယေရှု၏သက်တော်စဉ်အား မျက်မြင်သက်သေရှိသူများနှင့် တိုက်ရိုက်ထိတွေ့ဖူးကြ သည်။ မဿဲနှင့်ယောဟန်တို့သည် ယေရှု၏တပည့်တော်များဖြစ်သောကြောင့်၊ သူတို့မှတ်တမ်းတင်ထား သော အဖြစ်အပျက်များတွင် ပါဝင်ခဲ့ကြသည်။ မာကုသည် ပေတရု၏ ရင်းနှီးသောမိတ်ဆွေဖြစ်ပြီး သူ့မှတစ် ဆင့် တိုက်ရိုက်သင်ယူခဲ့သည်။ လုကာသည် ပေါလုနှင့်အတူ ခရီးသွားပြီး သူ၏ခရစ်ဝင်ကျမ်းအတွက် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေများကို ရှာဖွေခဲ့သည်။ လုကာ ၁:၁-၃ တွင် လုကာရေးထားသည်ကို နားထောင်ပါ။

> ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သောသက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူ တို့သည်၊ ငါတို့သည် ထင်ရှားစွာဖြစ်လေပြီးသော အတ္ထုပ္ပတ္တိများ ကို ငါတို့အားကြားပြောသည် အစဉ်အတိုင်း မှတ်သားသောစာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စီရင်ရေးထားသော သူ အများရှိကြသည်ဖြစ်၍၊ ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေ့ဦးစွာမှစ ၍၊ (လုကာ ၁:၁-၃)။

## ပွင့်လင်းခြင်း

ဒုတိယ၊ ခရစ်ဝင်ကျမ်းများ၏ သမိုင်းဆိုင်ရာယုံကြည်စိတ်ချရမှုကို ၎င်းတို့၏ အလွန်ပွင့်လင်းသည့် လက်ရာများတွင် တွေ့မြင်နိုင်သည်။ သမိုင်းမှတ်တမ်းကောင်းအတွက် ရှေးခေတ်စံနှုန်းများသည် သမိုင်းပညာ ရှင်များအနေဖြင့် သမိုင်းကို အစီရင်ခံရာတွင် ပွင့်လင်းရန် သို့မဟုတ် ရိုးသားရန် လိုအပ်သည်။ သူတို့သည် အလေးထားရန်မလိုသော ဖော်ပြပြီးသည့်အကြောင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အစီရင်ခံရန်ဖြစ်သည်။

ဤအကြောင်းကြောင့်၊ ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏တပည့်တော်များ၏ ကျရှုံးမှုများကို မကြာခဏဖော်ပြကြသည်မှာ ထင်ရှားသည်။ မဿဲနှင့်ယောဟန်တို့၏ဖြစ်ရပ်တွင် သူတို့ကိုယ်တိုင်၏ကျရှုံးမှု များကို ဖော်ပြခြင်းဟု ဆိုလိုသည်။ မာကု ၁၄:၅၁-၅၂ ပါ ဂေသရှေမန်ဥယျာဉ်မှ အဝတ်ဗလာဖြင့် ပြေးလာ သောလူငယ်သည် မာကုကိုယ်တိုင်ဖြစ်ကြောင်း အချို့သောအနက်ပြန်သူများ၏ပြောဆိုချက်မှန်သည်ဆိုလျှင်၊ မာကုသည်လည်း သူ၏ချို့ယွင်းချက်များကို ကိုယ်တိုင်ဖော်ပြခဲ့သည်။ ခြွင်းချက်မရှိ၊ ခရစ်ဝင်ကျမ်းရေးသူ အားလုံးသည် ယေရှု၏တပည့်တော်များ၏ကျရှုံးမှုများကို ထုတ်ဖော်ပြသပြီး၊ နုငယ်သောအသင်းတော် လုပ်ရှားမှု၏ဦးဆောင်သူများသည် ပြီးပြည့်စုံခြင်းမရှိကြောင်း ဝန်ခံကြသည်။

ဥပမာတစ်ခုအနေဖြင့်၊ မာကု ၆:၅၁-၅၂ တွင် လူ ၅,၀၀၀ ကို ယေရှု၏အံ့ဖွယ်နည်းဖြင့် ကျွေးမွေးခြင်း နှင့်ပတ်သက်၍ တပည့်တော်တို့နားမလည်ကြောင်း မှတ်တမ်းတင်ထားသည်။

> သူတို့သည် လုံးဝအံ့သြခဲ့ကြသည်။ မုန့်အကြောင်း နားမလည်သောကြောင့်၊ သူတို့၏စိတ်နှလုံးများ ခိုင်မာခဲ့သည် (မာကု ၆း၅၁-၅၂)။

ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏တပည့်တော်များ၏ နားလည်မှုလွဲမှားခြင်းနှင့် ကိုယ်ကျင့်တ ရားပျက်ယွင်းခြင်းများကို တင်ပြကြသည်။ သို့သော် ဤကျရှုံးမှုများကို ဖော်ပြခြင်းသည် အသင်းတော်ခေါင်း ဆောင်များ၏ အခွင့်အာဏာနှင့် လေးစားမှုကို လျော့ပါးစေမည်ဆိုပါက ခရစ်ဝင်ကျမ်းရေးသူများသည် အဘယ်ကြောင့် ထိုသို့လုပ်ဆောင်ကြသနည်း။

> ခရစ်ဝင်ကျမ်းများတွင်၊ တပည့်တော်များသည် စုံလင်မှုမရှိခြင်း၊ ပြည့်စုံမှုမရှိခြင်း စသည့် တင်ပြချက်များကြောင့် စာဖတ်သူအများအပြား စိတ်ပူပန်နေကြပါသည်။ တစ်ချက်အနေဖြင့်ပြောရလျှင်၊ ခရစ်ဝင်ကျမ်းဓလေ့ထုံးတမ်းစဉ်လာ၏ ယုံကြည်စိတ် ချရမှုကို ညွှန်ပြပါက—ကျွန်ုပ်တို့၏ ဧဝံဂေလိဆရာများသည် အသင်းတော်၏ ကနဦး ခေါင်းဆောင်များကို ကြည့်ကောင်းစေမည့်အရာများကို ထည့်သွင်းရန်ပြင်ဆင်ခဲ့ကြ သည်။ ထို့ကြောင့်၊ ၎င်းသည် ကျွန်ုပ်တို့၏

ခရစ်ဝင်ကျမ်းများ၏ ယုံကြည်စိတ်ချရမှု နှင့် တိကျမှုအပေါ် သက်သေခံချက်ဖြစ်သည်။

**ဒေါက်တာ David R. Bauer**

သူတို့၏ကိုယ်ပိုင်မှတ်တမ်းများတွင် တပည့်တော်များသည် သူတို့၏စိတ်သဘောထား ကို မကောင်းမြင်စေခြင်းသည် ခရစ်ဝင်ကျမ်းများ၏ စစ်မှန်မှုအတွက် အကြီးမားဆုံး အာမခံချက်တစ်ခုဖြစ်ကြောင်း သင့်အား ကျွန်ုပ်အကြံပြုပါရစေ။ ဗာဗုလုန် သို့မဟုတ် အာရှုရိဘုရင်များ သို့မဟုတ် ရောမဧကရာဇ်များ၏ ရှေးခေတ်မှတ်တမ်းများကို သင ဖတ်ရှုပါက၊ ၎င်းတို့သည် အောင်မြင်ခြင်းမှ အောင်မြင်ခြင်းသို့၊ အောင်ပွဲခံခြင်းမှ အောင်ပွဲခံခြင်းသို့သာ ဖော်ပြသည်_ "ဤသည်မှာ ကျွန်ုပ်၏ဘုန်းထင်ရှားစေသော စွန်းစားမှုများဖြစ်သည်။!" ထို့ကြောင့် ယခု၊ သေချာပါသည်၊ ကျွန်ုပ်တို့သည် နောက်ကြောင်း ပြန်ကြည့်ကာပြောရသည်မှာ၊ အမှန်တကယ် မည်သည့်အရာများ ဖြစ်ပျက်ခဲ့သနည်း။ တပည့်တော်များကို ကြည့်လျှင် သူတို့သည် ဤကဲ့သို့ဖြစ်သည်... တွေးကြည့်ပါ၊ သူတို့၏သူရဲကောင်း ကားစင်တင်ကွပ်မျက်ခံရသည့် ဘာသာတရား သည်ရောမနိုင်ငံ တော်အပေါ် အကြည်ညိုပျက်စေခြင်းနှင့် တရားမဲ့ခြင်းကိုသက်သေ ပြပြီး၊ ရောမများ ကြီးစိုးခြင်းနှင့် ဂျူးလူမျိုးများကျိန်ခြင်းခံရသည်ဟူသည့် အထောက် အထားနှင့် ၎င်းသည် သင်၏အဓိကရည်ရွယ်ချက်လည်း ဖြစ်သည်။ ဤသို့ဖြစ်လာ ခြင်းမရှိပါက သင်သည်မည်သည့်အခါမှ ဖန်တီးရေးသားနိုင်လိမ့်မည်မဟုတ်။

**ဒေါက်တာ Dan Doriani**

# အတည်ပြုချက်

တတိယ၊ ခရစ်ဝင်ကျမ်းရေးသူများ၏ ယုံကြည်စိတ်ချရမှုအပေါ် ကျွန်ုပ်တို့၏ယုံကြည်မှုကို အခြား သမိုင်းရင်းမြစ်များ၏ အတည်ပြုချက်ဖြင့် ခိုင်ခံ့စေသည်။ ရောမနှင့် ဂျူးသမိုင်းပညာရှင်နှစ်ဦးစလုံးသည် ခရစ်ဝင်ကျမ်းဇာတ်လမ်းများ၏ အခိုင်အမာပြောဆိုချက်အများအပြားကို အတည်ပြုခဲ့ပြီး၊ ခေတ်သစ်ရှေး ဟောင်းသုတေသနပညာသည်ပင် ၎င်းတို့၏မှတ်တမ်းများ မှန်ကန်ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ သည်။

ဥပမာအားဖြင့်၊ Pliny the Younger, Suetonius, Tacitus နှင့် Julius Africanus ကဲ့သို့သော ဂရိ-ရောမသမိုင်းပညာရှင်များသည် ယေရှု၏သက်တော်စဉ်၊ ကားစင်တင်သတ်ခံရခြင်းနှင့် တည်မြဲသောဩဇာ လွှမ်းမိုးမှုဆိုင်ရာ အချက်အလက်အချို့ကို ကိုးကားခဲ့သည်။

ဂျူးလူမျိုးသမိုင်းပညာရှင် Josephus သည် အေဒီပထမရာစုတွင် ရောမအစိုးရအ တွက် ဂျူးလူမျိုး၏သမိုင်းကိုရေးသားသည်၊ သူသည် ယေရှုခရစ်ကို တည်ရှိနေသူနှင့် နောက်လိုက်များစွာရှိသောသူအဖြစ် ဖော်ပြသည်။ အေဒီပထမရာစုတွင်၊ Josephus နှင့် အလားတူအချိန်ကာလ၊ ရောမသမိုင်းပညာရှင် Tacitus သည် ယေရှုခရစ်တော်အ ကြောင်း ရေးသားပြီး နောက်လိုက်များစွာရှိသောသူအဖြစ် ဖော်ပြသည်။ ဂျူးလူမျိုး တို့၏ Talmud ပင်လျှင် ယေရှုတည်ရှိကြောင်း ဖော်ပြသည်။

**ဒေါက်တာ Steven Tsoukalas**

ခရစ်ဝင်ကျမ်းများ၏ ယုံကြည်စိတ်ချရမှုကိုသုံးသပ်ရန် ယေဘူယျအားဖြင့် အလွန် ကောင်းမွန်သော နည်းလမ်းတစ်ခု ရှိသည်၊ ယခင်ကထက် သာလွန်ကောင်းမွန်သည်။ ပထမရာစု ပါလက်စတိုင်း ဂျူးလူမျိုးများအကြောင်းကို ယခုကျွန်ုပ်တို့ လွန်ခဲ့သည့် အနှစ် ၅၀ ကထက် များစွာပို၍ သိလာရသည့် အဓိပ္ပာယ်ဖြစ်သည်။ ပင်လယ်သေ ကျမ်းလိပ်များကဲ့သို့ စာပေများကို ရှာဖွေတွေ့ရှိခြင်းနှင့် ရှေးဟောင်းသုတေသန ပညာများမှတဆင့် ကျွန်ုပ်တို့သိလာပါသည်။ ထို့အပြင်၊ သန့်ရှင်းသောမြေရှိ ရှေး ဟောင်းသုတေသနပညာသည် အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်နေသည်— ရှာဖွေတွေ့ရှိမှုအသစ်များ အစဉ်ပြုလျှက်ရှိသည်။ ထို့ကြောင့်၊ ယေရှု၏ဓမ္မအမှုတော် တွင် ဖြစ်ပျက်ခဲ့သော ဆက်စပ်အကြောင်းအရာကို ကျွန်ုပ်တို့များစွာသိရပါသည်။ ခရစ်ဝင်ကျမ်းများဖော်ပြသည့်အကြောင်းအရာများသည် ထိုအကြောင်းအရာနှင့် ကိုက်ညီမှုရှိမရှိကို ကျွန်ုပ်တို့သိနိုင်သည့် နည်းလမ်းများစွာရှိသည်။ ထိုအခြေအနေ မျိုးတွင် ယေရှုအား ဂျူးဆရာတစ်ဦးအဖြစ် မြင်ခြင်းသည် အဓိပ္ပာယ်ရှိပါသလား။ ခြုံငုံကြည့်လျှင် အလွန်အဆင်ပြေသည်ဟု ထင်ပါသည်။ ၆၆ မှ ၇၀ အတွင်း ဂျူး တော်လှန်ရေးအပြီး ပါလက်စတိုင်းရှိ ဂျူးလူမျိုးများ၏ အခြေအနေများ သိသာစွာ ပြောင်းလဲသွားသည်ကို သတိရမိသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့တွင်၊ ခရစ်ဝင်ကျမ်းများ သည် ထိုအချိန်ကာလနှင့် အံဝင်ခွင်ကျရှိမရှိ စမ်းသပ်ရန် အချိန်အကန့်အသတ်ရှိ သကဲ့သို့၊ ဂျူးတော်လှန်ရေးပြီးနောက် အခြေအနေသည် ရိုးရှင်းစွာထင်ရှားနေခြင်း ထက်၊ ပထမရာစု အစောပိုင်း ဂျူးဘာသာတရားတွင် ကျွန်ုပ်တို့သိထားသည့် အခြေ အနေနှင့် ဆက်စပ်နေသည့် အကြောင်းအရာအားလုံးကို ကျွန်ုပ်တို့ မျှော်လင့်မည် မဟုတ်ပါ။

**ဒေါက်တာ Richard Bauckham**

## လေ့ကျင့်ပေးခြင်း

ခရစ်ဝင်ကျမ်းမှတ်တမ်းများကို ယုံကြည်စိတ်ချရန် စတုတ္ထအကြောင်းရင်းသည် ယေရှု၏တပည့်တော်များအား လေ့ကျင့်ပေးခြင်းဖြစ်ပြီး၊ ကိုယ်တော်၏နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်မှုများကို တိကျ မှန်ကန်သောမှတ်တမ်းကို မည်သို့ထိန်းသိမ်းရမည်ကို သွန်သင်ပေးသည်။

ဂျူးယဉ်ကျေးမှုအတွင်း၊ တပည့်ဖြစ်စေခြင်းသည် ကောင်းမွန်သောဘဝပုံစံတစ်ခုဖြစ်သည်။ အမှန်မှာ၊ တပည့်အတွက် ဟေဗြဲစကားလုံးသည် talmid ဖြစ်ပြီး၊ ဆိုလိုသည်မှာ ကျောင်းသား သို့မဟုတ် သင်ယူသူဖြစ် သည်။ အထူးသဖြင့်၊ တပည့်တစ်ဦးသည် ပညာရှိ သို့မဟုတ် ရဗ္ဗိ၏ တပည့်ဖြစ်သည်။ ထို့ပြင်၊ ယေရှုခေတ် ဂျူးယဉ်ကျေးမှုတွင်၊ ရဗ္ဗိတစ်ဦးထံမှ သင်ယူခြင်း၏အဓိကလေ့ကျင့်ခန်းတစ်ခုသည် အာဂုံဆောင်ခြင်းပင်ဖြစ် သည်။ တပည့်များ၏ တာဝန်များထဲမှတစ်ခုသည် ဆရာ၏စကားနှင့် ပညာကို သင်ယူဖို့ရန်ဖြစ်သည်။

လုကာ ၆:၄၀ တွင် တပည့်တော်တို့အားပြောသော ယေရှု၏စကားများကို နားထောင်ပါ။

> တပည့်သည် ဆရာထက်မသာ။ အပြီးသင်ပြီးသော တပည့်တိုင်း မိမိဆရာကဲ့သို့ ဖြစ်လိမ့်မည် (လုကာ ၆:၄၀)။

သူ့နောက်လိုက်သူအားလုံးသည် ကိုယ်တော်၏သွန်သင်ချက်များနှင့် လုပ်ဆောင်ချက်များနှင့်အညီ သူတို့၏ဘဝကို လေ့လာရန်၊ သင်ယူရန်နှင့် ပုံသွင်းရန်ဖြစ်သည်ဟု ယေရှုဆိုလိုသည်။

ယေရှုနှင့် အနီးကပ်ဆုံး တပည့်တစ်ဆယ့်နှစ်ဦးသည် ယေရှု၏သွန်သင်ချက်များကို သင်ယူရန် ကြီးစွာ သောတာဝန်ရှိသော်လည်း၊ ယေရှုထံမှသင်ယူခဲ့သော အခြားများစွာသောသူတို့သည် ကိုယ်တော်၏သွန်သင် ချက်များကို မှတ်သားထားနိုင်ဖွယ်ရှိသည်။

## ဓမ္မပညာခံယူချက်များ

ပဉ္စမ၊ ခရစ်ဝင်ကျမ်းရေးသူများသည် စစ်မှန်သော၊ ယုံကြည်စိတ်ချရသောမှတ်တမ်းတစ်ခု ဖြစ်ရန် အတွက် လိုအပ်သည့် ခိုင်မာသောဓမ္မပညာခံယူချက်များရှိသည် ဟူသောအချက်ကို ကျွန်ုပ်တို့မည်သည့် အခါမှ လျှော့မတွက်သင့်ပါ။ ဥပမာ၊ ယောဟန် ၂၀:၃၁ တွင် တမန်တော်သည် ဤစကားများကို ရေးသားခဲ့ သည်–

> ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည် အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်(ယောဟန် ၂၀:၃၁)။

ဤကျမ်းပိုဒ်တွင်၊ လူတို့သည် ယေရှုနှင့်ပတ်သက်သော သမ္မာတရားကို သိနားလည်လက်ခံမှသာလျှင် ဘုရားသခင်၏အသက်ဆုကျေးဇူးကို ရရှိနိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

အလားတူပင်၊ မဿဲသည် သူ၏ခရစ်ဝင်ကျမ်း ၂၈:၁၉-၂၀ တွင် ယေရှု၏စကားများကို မှတ်တမ်းတင် ခဲ့သည်။

> သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့ (မဿဲ ၂၈:၁၉-၂၀)။

ဤတွင်၊ မဿဲသည် ယေရှု၏တပည့်တော်များသည် ယေရှုမိန့်မှာထားသမျှကို သွန်သင်ရန် တာဝန်ရှိ ကြောင်း ဖော်ပြခဲ့သည်။ ယေရှု၏စစ်မှန်သောနောက်လိုက်များအနေဖြင့်၊ ကိုယ်တော်ပြုခဲ့သည့်အရာနှင့် မိန့် ဆိုခဲ့သည့် ဖြစ်ရပ်မှန်မှတ်တမ်းများကို မဖော်ပြဘဲ မနေနိုင်ပါ။

ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏သက်တော်စဉ်၏အဖြစ်အပျက်များကို ၎င်းတို့၏သမိုင်း တန်ဖိုးအတွက် မှတ်တမ်းတင်ထားခြင်းမဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ယေရှုကိုယုံကြည်ခြင်းသည် ကိုယ်တော်နှင့်ပတ်သက်သော သမိုင်းဆိုင်ရာဖြစ်ရပ်မှန်များကို သိရှိခြင်းထက် သာလွန်ကြောင်း သူတို့သိကြ သည်။ သို့သော် စစ်မှန်သောယုံကြည်ခြင်းသည် လွဲမှားသော သို့မဟုတ် မှားယွင်းသောသမိုင်းမှတ်တမ်းတစ်ခု အပေါ်တွင် အခြေတည်၍မရနိုင်ကြောင်းကိုလည်း သူတို့သိကြသည်။ သူတို့သည် သခင်ယေရှု၏ နှုတ်ကပတ် တော်များနှင့် လုပ်ရပ်များကို ရှင်းလင်းပြတ်သားစွာနှင့် တိကျစွာဖော်ပြခဲ့ကြခြင်းသည် စာဖတ်သူများကို စစ် မှန်သောယေရှု၊ သမိုင်း၏ယေရှုကို ယုံကြည်စေလိုသောကြောင့်ဖြစ်သည်။

## သန့်ရှင်းသောဝိညာဉ်တော်

ဆဌမအချက်၊ သမ္မာကျမ်းစာရေးသူများအားလုံးကဲ့သို့ပင်၊ ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏ နှုတ်ကပတ်တော်များနှင့် လုပ်ဆောင်ချက်မှတ်တမ်းများကို ရေးသားရာတွင် မိမိတို့သဘောဖြင့် မရေးထားပါ။ ဤကြိုးပမ်းမှုတွင် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို ဦးဆောင်ခဲ့သည်။

> သမ္မာကျမ်းစာ၏ မှုတ်သွင်းမှုသည် အလွန်အရေးကြီးသော အယူဝါဒတစ်ခုဖြစ်ပြီး၊ သမ္မာကျမ်းစာအားလုံးကို အဆုံးစွန်သော စာရေးသူတစ်ဦးကို ဦးတည်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်၊ ခရစ်ဝင်ကျမ်းများကို ကျွန်ုပ်တို့ကြည့်ရှုသည့်အခါ မတူညီ သောစာရေးသူလေးဦးသည် ယေရှုနှင့်ပတ်သက်၍ မတူညီသောရှုထောင့်လေးခု ပေးသည်ကို ကျွန်ုပ်တို့တွေ့သောအခါ၊ ထိုအမြင်များကို လေးမြတ်သော်လည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းတော်မူကြောင်း အားလုံးသဘောပေါက်နားလည်ကြသည်။ ထို့ကြောင့်၊ သူတို့သည် အလွန်ကွဲပြားသောအစီအစဉ်များ၊ ဓမ္မပညာအရ၊ သူတို့ဦးတည်ရေးသားနေသည့် ပရိသတ်များ၊ နောက်ခံများနှင့် ယေရှု နှင့်အတွေ့အကြုံများ ပါဝင်သည်။ သို့သော် ကျွန်ုပ်တို့တွင် လူသားစာရေးသူနှင့်ပတ် သက်၍ ကွဲပြားမှုများရှိသော်လည်း ၎င်းတို့တွင် အံ့သြဖွယ်စည်းလုံးမှုရှိသည်။ သမ္မာ ကျမ်းစာရှိ ဝိညာဉ်တော်၏မှုတ်သွင်းမှုသည် လူသားကို သို့မဟုတ် လူသား၏လုပ် ဆောင်မှုကို ၎င်းထဲမှမဖယ်ရှားဘဲ၊ ဆိုလိုသည်မှာ ဤလူကြိုးပမ်းမှုများအားဖြင့် ဘုရားသခင်သည် သူအလိုရှိရာကို အတိအကျရရှိခြင်းပင် ဖြစ်သည်။

**ဒေါက်တာ K. Erik Thoennes**

ဥပမာ၊ ယောဟန် ၁၄:၂၅-၂၆ ရှိယေရှု၏စကားများကို နားထောင်ကြည့်ပါ။

> ငါသည် သင်တို့နှင့်အတူရှိစဉ်တွင် ဤစကားကိုပြောခဲ့ပြီ။ ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူ၏ (ယောဟန် ၁၄:၂၅-၂၆)။

ယေရှု၏တပည့်တော်များသည် မည်မျှပင် မှတ်ဉာဏ်ကောင်းစေကာမူ အရာအားလုံးကို မမှတ်မိနိုင် ကြပါ။ ထို့ကြောင့် သခင်ယေရှုသည် ကတိပြုပြီး သန့်ရှင်းသောဝိညာဉ်တော်ကို တမန်တော်များထံ စေလွှတ်ခဲ့ သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ရာစုနှစ်များတစ်လျှောက် အသင်းတော်အား သခင်ယေရှုပြုခဲ့သော အမှုနှင့် လုပ်ဆောင်မှုများကိုသိရန် လိုအပ်သည်များကို ပြန်လည်အမှတ်ရစေခဲ့သည်။ ယောဟန်သည် သူ၏ ခရစ်ဝင်ကျမ်း ၂၁:၂၅ တွင်ရေးထားသကဲ့သို့–

> ယေရှုပြုတော်မူသော အခြားအမှုအရာအများ ရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီးအခြားရေးထားလျှင်၊ မြေကြီးမဆံ့နိုင်အောင် ကျမ်းစာများပြားလိမ့်မည် ဟု ထင်မှတ်ခြင်းရှိ၏ (ယောဟန် ၂၁:၂၅)။

> သင့်အနေဖြင့် ယေရှုမည်သူဖြစ်ကြောင်းကို လူများအားပြောပြပြီး ထိုသူတို့ကို ယေရှုမည်သူဖြစ်ကြောင်း ပြန်မေးသောအခါ၊ လူအချို့သည် ရဗ္ဗိ၊ သူသည်ဆရာ တစ်ဦးဟု ဖြေဆိုနိုင်သည်။ သို့မဟုတ် မတူညီသောကမ္ဘာ့ဘာသာတရားများနှင့် မတူညီသောအုပ်စုများကိုကြည့်လျှင် သူနှင့်ပတ်သက်သည့် ကွဲပြားသောအချက်များ စွာကို လူအချို့ ပြောဆိုကြသည်ကို စိတ်ဝင်စားဖွယ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့ရမည်။ သို့သော် ဘုရား သခင်၏ ဉာဏ်ပညာဖြင့်၊ ဘုရားသခင်သည် သူ၏ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့်၊ သူ၏မျက်မြင်သက်သေများကို ယုံကြည်ခြင်းထိန်းသိမ်းခြင်းကို မှတ်တမ်း လေးခု မဿဲ၊ မာကု၊ လုကာ၊ နှင့် ယောဟန်တို့တွင် ရေးမှတ်ရန် ပို့ဆောင်ခဲ့သည်— စာရေးသူကိုယ်တိုင်ဖြစ်စေ၊ သူ့အရင်းအမြစ်မှတဆင့်ဖြစ်စေ—သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် အကာအကွယ်ပေးထားသော စံတစ်ခုအဖြစ်ဆောင်ရွက်သည့် သက်သေခံချက်တစ်ခုရှိသည်၊ ထို့ကြောင့် “ယေရှုသည် ဤသို့ပြောသည် သို့မဟုတ် ယေရှု ဤသို့ပြုမည် သို့မဟုတ် ယေရှုထိုသို့လုပ်မည်မဟုတ်” ဟူ၍ တစ်စုံတစ် ယောက်ပြောလျှင်၊ ကျွန်ုပ်တို့ပြန်ကြည့်နိုင်သည့် ငြင်း၍မရသောမှတ်တမ်းကို ရေး ထားခဲ့ပြီးဖြစ်သည်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် ထိုကျောက်ကို ဘုရားသခင် ပေးခဲ့သည်။

**ဒေါက်တာ Robert L. Plummer**

# အသင်းတော်အတွင်းအခြေအနေ

ယခု ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းများ၏ စာပေဆိုင်ရာလက္ခဏာများကို ပြောခဲ့ပြီးနောက်၊ တရားဝင် ရေးသားထားသော စာသားများအဖြစ် အသင်းတော်ရှိအခြေအနေများကိုလေ့လာရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။ ၎င်းတို့၏ဖွဲ့စည်းပုံနှင့် စစ်မှန်မှုကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ထည့်သွင်းစဉ်းစားကာ အသင်းတော်ရှိ ခရစ်ဝင်ကျမ်းများ၏ အခြေအနေကို လေ့လာပါမည်။ ၎င်းတို့၏ဖွဲ့စည်းပုံကို ဦးစွာကြည့်ကြ မည်။

## ဖွဲ့စည်းပုံ

ခရစ်ဝင်ကျမ်းများ၏ ဖွဲ့စည်းပုံအကြောင်းပြောသောအခါ၊ ရေးရမည့်နည်းလမ်းကို ကျွန်ုပ်တို့ စိတ်ထဲ တွင်ရှိခြင်း ကိုဆိုလိုသည်။ ၎င်းတို့၏စာရေးသူများသည် မည်သူနည်း။ ဤစာအုပ်များကို အဘယ်ကြောင့် ရေးကြသနည်း။ ဤစာအုပ်များကို မည်သို့ရေးခဲ့ကြသနည်း။ မရေမတွက်နိုင်သောအနက်ပြန်သူများသည် ဤစာအုပ်များ၏ မြင့်မြတ်သောအခွင့်အာဏာကို လျှော့ပါးစေရန် လူသားတို့၏ဖွဲ့စည်းမှုဖြစ်စဉ်များကို အာရုံစိုက်ထားသောကြောင့် ဤကဲ့သို့သောမေးခွန်းများသည် ခရစ်ယာန်များအတွက် အရေးကြီးပါသည်။ သို့သော် သတင်းကောင်းမှာ ဂရုတစိုက်လေ့လာခြင်းအားဖြင့် ခရစ်ဝင်ကျမ်းများသည် လူသားများ၏ လုပ်ဆောင်မှုများသာမက ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်စိတ်ချရန် အကြောင်းပြ ချက်ပေးပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ဝင်ကျမ်းများ၏ဖွဲ့စည်းပုံနှင့် ပတ်သက်သည့် ကိစ္စသုံးရပ်ကို ကြည့်ပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် အမျိုးမျိုးသော ခရစ်ဝင်ကျမ်းမှတ်တမ်းများကြား တူညီမှုများကို လေ့လာပါမည်။ ဒုတိယ၊ ဤတူညီမှုများကို ရှင်းပြရန် ပေါ်ပေါက်လာသော အယူအဆအချို့ကို စစ်တမ်းကောက်ယူပါမည်။ တတိယ၊ ဤအယူအဆများ အပေါ် မှန်ကန်မှုနှင့်ပတ်သက်၍ မှတ်သားသင့်သည့်မှတ်ချက်အချို့ကို ပေးပါမည်။ ခရစ်ဝင်ကျမ်းများကြား တူညီချက်များကို သုံးသပ်ခြင်းဖြင့် စတင်ကြပါစို့။

## တူညီမှုများ

သီးခြားစီဖွဲ့စည်းရာ၌၊ မဿဲ၊ မာကုနှင့် လုကာတို့၏ ခရစ်ဝင်ကျမ်းမှတ်တမ်းများကို အတူတကွစုဖွဲ့ ကာ Synoptic Gospels ဟုခေါ်သည်။ "synoptic" ဟူသောအသုံးအနှုန်းသည် "အတူတကွကြည့်ရှုခြင်း" ကိုဆိုလိုပြီး ဤခရစ်ဝင်ကျမ်းများတွင်ကျင့်သုံးခဲ့သည်။ အကြောင်းမှာ ၎င်းတို့သည် တူညီသောအကြောင်း အရာများစွာပါဝင်သောကြောင့် ဖြစ်သည်။ ၎င်းတို့တွင် ယေရှု၏စကားများနှင့် လုပ်ဆောင်မှုများ၏တူညီ သောမှတ်တမ်းများစွာပါဝင်သည်။ သခင်ယေရှု၏ တူညီသောစကားများကို အစီရင်ခံသောအခါ၊ သူတို့သည် တူညီသောစကားလုံးများကို မကြာခဏအသုံးပြုကြသည်။ ဥပမာ၊ လက်ခြေသေသူတစ်ဦးကို ယေရှုကုသ ပေးခြင်းကို သုံးသပ်ကြည့်ပါ။ မဿဲ ၉:၆ တွင်၊ သခင်ဘုရား၏ နှုတ်ကပတ်တော်များနှင့် လုပ်ရပ်များအ ကြောင်း ဤမှတ်တမ်းကို ကျွန်ုပ်တို့ဖတ်ရသည်-

> လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ ထလော့။ ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏ (မဿဲ ၉:၆ )။

မာကု ၂:၁၀-၁၁ ကို ယခု နားထောင်ပါ။

> လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ ထလော့။ ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့သွားလော့ဟု သင့်အား၊ ငါဆိုသည်ဟု လက်ခြေသေသောသူ အား မိန့်တော်မူ၏ (မာကု ၂:၁၀-၁၁)။

တဖန်၊ လုကာ ၅:၂၄ တွင်၊ ဤအရာကို ကျွန်ုပ်တို့ဖတ်ရသည်–

> လူသားသည်မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါထလော့။ ကိုယ်အိမ်ယာကို ဆောင်၍ ကိုယ်အိမ်သို့သွားလော။ သင်အား ငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏ (လုကာ ၅:၂၄)။

ဤဥပမာတွင်၊ Synoptic Gospels တစ်ခုစီတွင် တူညီသော အံ့ဖွယ်မှတ်တမ်း၏ စကားလုံး တစ်လုံးချင်းနီးပါးမှတ်တမ်းတစ်ခုပါရှိသည်ကို တွေ့မြင်ရသည်။ Synoptic ခရစ်ဝင်ကျမ်း သုံးခုအနက် အနည်းဆုံး နှစ်ခုတွင် တွေ့ရသည့် အခြားအပြိုင်မှတ်တမ်းများမှာ_ နူနာရောဂါကို ကုသခြင်း၊ ကပေရနောင် မြို့တွင် နတ်ဆိုးနှင်ထုတ်ခြင်း၊ ပေတရု၏ ယောက္ခမအားကုသပေးခြင်း၊ ပင်လယ်ပြင်၌ မုန်တိုင်းအား ငြိမ် သက်စေခြင်း၊ ယာဣရု၏သမီးအား သေခြင်းမှအသက်ရှင်စေခြင်း၊ တကျိပ်နှစ်ပါးတို့အား အခွင့်အာဏာ အပ်နှင်းခြင်း၊ ယေရှု ရေပေါ်လမ်းလျှောက်ခြင်း၊ လူလက်သေခြင်းကို ကုသခြင်း၊ မုန့်နှင့် ငါးအနည်းငယ်ဖြင့် လူငါးထောင်အား အစာကျွေးမွေးခြင်းနှင့် ယေရှု၏အသွင်ပြောင်းခြင်းတို့ဖြစ်သည်။

> ခရစ်ဝင်ကျမ်းသုံးစောင်၊ မဿဲ၊ မာကုနှင့် လုကာတို့ကို Synoptics ဟု မကြာခဏ ခေါ်ဝေါ် ခြင်းသည်၊ ၎င်းတို့သည် အကြောင်းအရာများကို ဆင်တူသောရှုထောင့်ဖြင့် ရှုမြင်ကြသောကြောင့် ဖြစ်သည်။ တစ်ခုရှိလျှင် လုံလောက်သည် မဟုတ်လော၊ အဘယ်ကြောင့် သုံးခုလိုအပ်သနည်းဟူသည့် တစ်ခါတစ်ရံ အထင်အမြင်ကို ဖြစ်ပေါ် စေနိုင်သည်။ အကယ်၍ Synoptic Gospels သုံးခုထဲမှ တစ်ခုကို ဆုံးရှုံးလိုက်ရမည် ဆိုလျှင် ဝမ်းနည်းဖွယ်ကောင်းပေလိမ့်မည်၊ အကြောင်းမှာ တစ်ခုချင်းစီသည် အနည်းငယ်ကွဲပြားသည့် တစ်စုံတစ်ရာကို ပံ့ပိုးပေးသောကြောင့်၊ ၎င်းတို့ကြားကွာခြားချက် တစ်ချို့ကို မြင်ရခြင်းသည် အဖိုးတန်သည်။ မာကု၏ခရစ်ဝင်ကျမ်းသည် ဧဝံဂေလိ ကျမ်းဖြစ်ပြီး၊ အခြားခရစ်ဝင်ကျမ်းအချို့ထက် အဆများစွာပို၍အရောင်စုံကာ အချို့သောဇာတ်လမ်းများကို ပို၍ရှည်လျားစွာဖော်ပြသည့် ခရစ်ဝင်ကျမ်းဖြစ်သည်။ ၎င်းသည် တိုသောခရစ်ဝင်ကျမ်းဖြစ်သော်ငြား ၎င်း၏ဇာတ်လမ်းတစ်ခုစီကို ပို၍ရှည် ကြာစွာပြောပြသည်။ ထိုမှတ်တမ်းများကို ပိုမိုတိုတောင်းသော သံလိုက်အိမ်မြှောင် အဖြစ် ညှစ်ထုတ်ခဲ့သူသည် မဿဲဖြစ်သည်။ အကြောင်းမှာ သူ၏ခရစ်ဝင်ကျမ်း၌ များများထည့်နိုင်ရန်ကြိုးစားသောကြောင့်ဖြစ်သည်။ အထူးသဖြင့်၊ မဿဲသည် မာကု၏ခရစ်ဝင်ကျမ်းထူးခြားစွာချန်လှပ်ထားသည့် ယေရှု၏သွန်သင်ချက်အများစု ကို ထည့်ရန်ကြိုးစားပါသည်။ ထို့ကြောင့်၊ မဿဲ၏ခရစ်ဝင်ကျမ်းသည်ကျွန်ုပ်တို့အား အလွန်အခွင့်အာဏာရှိသော ယေရှု၏သွန်သင်ချက်ကိုပေးသည်။ အကယ်၍သင်သည် ယေရှု၏သွန်သင်ချက်၏အနှစ်သာရအချုပ်ကိုလိုချင်ပါက၊ မဿဲ၏ခရစ်ဝင်ကျမ်း ဖြစ်သည်။ လုကာသည် ကျွန်ုပ်တို့အား မည်သည့်အရာပေးသနည်း။ လုကာသည် ကျွန်ုပ်တို့အား နောက်ထပ်ပို၍သွန်သင်ချက်ပေးထားသည်။ အထူးသဖြင့် လုကာသည် မဿဲထက်များစွာသော ပုံဥပမာများကို ပေးခဲ့သည်—



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူအမျိုးမျိုးနှင့် ထိတွေ့ဆက် ဆံရသော၊ မေတ္တာ၊ ဂရုတစိုက်ရှိသောယေရှု၏ နောက်ထပ်လူသားပုံတူကိုလည်း ပေးခဲ့သည်။ လုကာသည် ဆေးဘက်ဆိုင်ရာဆရာဝန်တစ်ဦးသက်သက် မဟုတ်ဘဲ စိတ်ပညာရှင်တစ်ဦးဖြစ်သည်ဟု လူအချို့ထင်မြင်ကြသည်။ သူသည် လူသားတို့၏ စိတ်ခံစားချက်ကို ကောင်းစွာသိနိုင်သူဖြစ်သည်။ ထို့ကြောင့်၊ ခရစ်ဝင်ကျမ်းသုံးစောင် တွင်၊ ၎င်းတို့တစ်ခုစီတိုင်းကို တန်ဖိုးထားရန် လိုအပ်သည့် အလွန်အဖိုးတန်သော၊ မတူညီသော ကျမ်းပိုဒ်များရှိသည်။

**ဒေါက်တာ Peter Walker**

ကျွန်ုပ်တို့တွင်ယေရှု၏သက်တော်စဉ်အားဖော်ပြသော တူညီသော ခရစ်ဝင်ကျမ်း သုံးစောင်ရှိရခြင်း၏ အခြေခံအကြောင်းရင်းသည် ယေရှုမည်သူဖြစ်သည်ဟူသော ကြွယ်ဝပြည့်စုံခြင်းနှင့်ဂုဏ်အသရေကို မှတ်တမ်းတစ်ခုတည်းဖြင့် ပြော၍မလုံ လောက်သောကြောင့်ဖြစ်သည်ဟု ထင်ပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ရည်ရွယ်သောအရာကို စဉ်းစားသောအခါ၊ ယေရှုပြီးမြောက်ခဲ့သော အရာ၊ ယေရှုပြောခဲ့သည့်အရာနှင့် ယေရှုပြုခဲ့သည့်အရာများ၏အရေးပါမှုကို ကျွန်ုပ်တို့အတွက် စာရေးသူတစ်ဦးတည်းဖြင့် မပြည့်စုံနိုင်ပါ။ သို့သော် ခရစ်ဝင် ကျမ်းသုံးစောင်ရှိ ကွဲပြားချက်များကို သတိထားသင့်သည်ဟုလည်း ထပ်လောင်း ပြောကြားလိုပါသည်။ ၎င်းတို့သည် အခြေခံအားဖြင့် အတူတူဖြစ်သည်ဟု ပြောနိုင် သော်လည်း၊ ခရစ်ဝင်ကျမ်းတစ်ခုစီအတွက် ကွဲပြားမှုများနှင့် အရောင်များရှိသည်။ ထို့ကြောင့်၊ တစ်ဖက်တွင်၊ ယေရှုပြုခဲ့သောအရာနှင့် သူပြီးမြောက်ခဲ့သောအရာများ၏ အခြေခံမှတ်တမ်းကို ကျွန်ုပ်တို့အား ပြောပြကြပြီး တစ်ချိန်တည်းတွင်၊ ခရစ်ဝင်ကျမ်း များသည် ယေရှု၏ ကွဲပြားသောမျက်နှာသွင်ပြင်များကို ဖော်ပြသည်။ ထို့ကြောင့်၊ ၎င်းသည် kaleidoscope နှင့်တူသည်၊ အရာအားလုံးသည် kaleidoscope အတွင်း တွင်ရှိပြီး၊ ၎င်းကို မတူညီသောရှုထောင့်မှကြည့်ကာ ယေရှုမည်သူဖြစ်သည်နှင့်ပတ် သက်သော မတူညီသောပုံများကို တွေ့မြင်ရသည်။ ထို့ကြောင့်၊ သခင်ယေရှု၏ဤ ဘက်စုံသောရှုထောင့်ကို ပေးရာတွင် ဘုရားသခင်၏ဉာဏ်ပညာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏မှုတ်သွင်းခြင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

**ဒေါက်တာ Thomas R. Schreiner**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

Synoptic ခရစ်ဝင်ကျမ်းများနှင့် ဆန့်ကျင်ဘက်အားဖြင့် ယောဟန်၏ခရစ်ဝင်ကျမ်း၏ အကြောင်း အရာအများစုသည် ထူးခြားသည်။ ယေရှုသည် ရေပေါ်လမ်းလျှောက်ခြင်း၊ လူငါးထောင်ကို ကျွေးမွေးခဲ့ ကြောင်းကို ယောဟန်မှတ်တမ်းတင်ခဲ့သော်လည်း၊ Synoptic ခရစ်ဝင်ကျမ်းများတွင် မှတ်တမ်းတင်မထား သော အဖြစ်အပျက်များစွာကို သူ့ကျမ်းတွင်ထည့်သွင်းခဲ့သည်။ ဉပမာ၊ ယေရှု၏ ရေကိုစပျစ်ရည်အဖြစ် ပြောင်းခြင်း၊ ရှမာရိအမျိုးသမီးနှင့် ယေရှုစကားပြောခြင်း၊ လာဇရုအား သေခြင်းမှ ထမြောက်စေခဲ့ခြင်းများ ကို ယောဟန် တင်ပြသည်။

ယေရှု၏ဓမ္မအမှုတော်နှင့် အသက်တာဆိုင်ရာ မှတ်တမ်းများသည် ခရစ်ဝင်ကျမ်းလေးစောင်တွင် ကွဲပြားသော်လည်း၊ ယေရှု၏နှစ်ခြင်းခံခြင်း၊ ယေရှု၏တပည့်တော်များနှင့်အတူ နောက်ဆုံးညစာစားခြင်း၊ ယေရှု၏လက်ဝါးကပ်တိုင်တွင် အသေခံခြင်းနှင့် ယေရှု၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းတို့ကို လေးစောင် လုံးသက်သေခံကြသည်။

ခရစ်ဝင်ကျမ်းများကြားတွင် ဆင်တူချက်များနှင့် ကွဲပြားမှုများသည် ပြိုင်ဆိုင်သောရှင်းလင်းချက်များ စွာကို ရရှိစေသည်။ ထို့ကြောင့်၊ ယခု ခရစ်ဝင်ကျမ်းများ၏ အယူအဆများကို လေ့လာကြပါစို့။

## ဖွဲ့စည်းမှုအယူအဆများ

Synoptic ခရစ်ဝင်ကျမ်းများအကြား တူညီမှုများကြောင့် ပညာရှင်များသည် ၎င်းတို့၏ ဖွဲ့စည်းမှု သမိုင်းနှင့်ပတ်သက်သော အယူအဆများစွာကို ဖော်ထုတ်ခဲ့ကြသည်။ ဤအယူအဆများသည် မကြာခဏ ရုပ်ထွေးပြီး ၎င်းတို့ကို စတင်လေ့လာသောအခါတွင် နားလည်မှုရှုပ်ထွေးနိုင်သည်။ ဤသို့သောနည်းဖြင့် ထင်ရှားသောအယူအဆများကို ကျွန်ုပ်တို့ အကျဉ်းချုပ်နိုင်သည်_ မာကုကို ဦးစွာရေးသားခဲ့သည်ဟု အနက် ပြန်သူများစုယုံကြည်ကြပြီး၊ မဿဲနှင့်လုကာသည် မာကုထံမှ အကြောင်းအရာများနှင့် အခြားသတင်းရင်းမြစ် များမှရယူခြင်း ဖြစ်နိုင်သည်ဟုဆိုသည်။ သို့သော် အခြားသောအနက်ပြန်သူများသည် မဿဲကို ဦးစွာရေးသား ခဲ့ပြီး၊ မာကုသည် မဿဲမှအကြောင်းအရာများကိုအသုံးပြုခဲ့ကြောင်း၊ လုကာသည် မဿဲနှင့်မာကုတို့မှ အကြောင်းအရာများကိုအသုံးပြုခဲ့သည်ဟု ယုံကြည်ကြသည်။ မဿဲနှင့် လုကာနှစ်ဦးစလုံးသည် ကျွန်ုပ်တို့ မသိရှိသော အရင်းအမြစ်များကိုအခြေခံပြီး၊ မာကုသည် ၎င်းတို့နှစ်ဦးစလုံးထံမှ အကြောင်းအရာများကို အသုံးပြုခဲ့သည်ဟု အချို့သောသူများ ယုံကြည်ကြသည်။ သင်တွေ့မြင်ရသည့်အတိုင်း၊ ဤအယူအဆများ၏ ယေဘူယျလက္ခဏာများကို နှိုင်းယှဉ်ကြည့်လျှင်ပင် အနည်းငယ်ရှုပ်ထွေးနိုင်သည်။

ဆန့်ကျင်ဘက်အားဖြင့်၊ ယောဟန်၏ဖွဲ့စည်းမှုသည် အလွန်ရိုးရှင်းပါသည်။ ပထမရာစုကုန်ခါနီးတွင် ယောဟန်ရေးသားခဲ့သည်ကို အနက်ပြန်သူများစုသဘောတူကြပြီး၊ synoptic ကျမ်းများအားလုံး သို့မဟုတ် အနည်းဆုံးတစ်ခုနှင့် ရင်းနှီးကျွမ်းဝင်ကြောင်း သဘောတူကြသည်။ Synoptics တွင်ပြောထားပြီးသော အကြောင်းအရာများကို ထပ်၍မပြောမိစေရန် ရှောင်ရှားပြီး၊

သူအမှုဆောင်ခဲ့သောအသိုင်းအဝိုင်းနှင့် အကိုက် ညီဆုံးသော ထပ်လောင်းအချက်အလက်များကိုပေးရန် ရွေးချယ်ခဲ့သည်။

ဤဖွဲ့စည်းမှုအယူအဆများကို စိတ်ထဲမှတ်သားထားလျှက်၊ ၎င်းတို့ကို ထိန်းထားသင့်သည့် မှန်ကန်မှု အကြောင်း ပြောကြမည်။

## မှန်ကန်ခြင်း

အစပိုင်းတွင်၊ သမ္မာကျမ်းစာရေးသူများသည် နှုတ်မှတ်တမ်းများနှင့်ရေးထားသော ထုံးတမ်းစဉ်လာ များကို မကြာခဏအသုံးပြုကြသည်—၎င်းသည် ၎င်းတို့၏မှုတ်သွင်းခြင်း သို့မဟုတ် အခွင့်အာဏာကို အပေး အယူပြုခြင်းမရှိကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ ထို့ကြောင့်၊ ခရစ်ဝင်ကျမ်းရေးသူများသည် ရှေ့ရင်းမြစ် အကြောင်းအရာကို အားကိုးသည်ဟု ယုံကြည်ခြင်းသည် မူအရ အမှားအယွင်းမရှိပါ။ လုကာ ၁:၁-၃ တွင် လုကာ ရေးထားသကဲ့သို့_

> ရှေးဦးစွာမှစ၍ ကိုယ်တိုင်မြင်သောသက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူ တို့သည်၊ ငါတို့သည် ထင်ရှားစွာဖြစ်လေပြီးသော အတ္ထုပ္ပတ္တိများ ကို ငါတို့အားကြားပြောသည် အစဉ်အတိုင်း မှတ်သားသောစာကို စီရင်ရေးထားသော သူ အများရှိကြသည်ဖြစ်၍၊ ငါသည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံတို့ကို ရှေ့ဦးစွာမှစ ၍ (လုကာ ၁:၁-၃)။

အခြားခရစ်ဝင်ကျမ်းရေးသူများအားလုံးသည် လုကာပြုသည့်ပုံစံကဲ့သို့အတိအလင်း မဖော်ပြထား သော်လည်း အလားတူအရင်းအမြစ်များကို ဝင်ရောက်ကြည့်ရှုနိုင်ပုံရသည်။ မာကု ပထမဆုံးရေးခဲ့သည်ဟု အနက်ပြန်သူများစုနှင့်အတူ ကျွန်ုပ်တို့ယူဆပါက၊ ရေးသားထားသော ခရစ်ဝင်ကျမ်းမရှိသော်လည်း မာကု သည် သူ၏အရင်းနှီးဆုံးသူငယ်ချင်းပေတရုထံမှ နှုတ်ထုံးတမ်းစဉ်လာများကို သေချာပေါက်နီးပါး အသုံးပြုခဲ့ ပေလိမ့်မည်။ လုကာနှင့် မဿဲတို့သည် မာကု၏ခရစ်ဝင်ကျမ်းကို စံနမူနာအဖြစ် အသုံးပြုခဲ့လိမ့်မည်။ ၎င်းအ ပြင် မဿဲနှင့် ယောဟန်တို့သည် ယေရှု၏သက်တော်စဉ်နှင့် သွန်သင်ချက်များအပေါ် ကိုယ်ပိုင်အမှတ်တရ ရှိကြသည်။ ကျမ်းရေးသူလေးဦးစလုံးသည် ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မမှားယွင်းသောအုပ်စိုးမှုကိုခံခဲ့ရသည်။

အချုပ်အားဖြင့်၊ ခရစ်ဝင်ကျမ်းများကြား ဆက်နွယ်မှုဆိုင်ရာ အယူအဆများကို ကျွန်ုပ်တို့ အသိအ မှတ်ပြုနိုင်ပါသည်။ သို့သော် သူတို့၏ရှုပ်ထွေးမှုများအားလုံးကို နားလည်ရန် သို့မဟုတ် သူတို့ထဲမှတစ်ဦးကို ခိုင်မာစွာမှတ်သားထားရန် မလိုအပ်ဟု မခံစားသင့်ပါ။ ကျွန်ုပ်တို့အား ဤအယူအဆများပေးသည့်အရာမှာ ခရစ်ဝင်ကျမ်းရေးသူများတစ်ဦးစီသည် အချက်အလက်များကို အရင်းအမြစ်များစွာမှ ထုတ်ယူနိုင်စွမ်းရှိပြီး၊ ယေရှု၏ဘဝနှင့် သွန်သင်ချက်များ၏ ယုံကြည်စိတ်ချရသောမှတ်တမ်းများကို တည်ဆောက်ပေးနိုင်ကြောင်း ယုံကြည်စိတ်ချနိုင်မှုပင် ဖြစ်သည်။ ၎င်းတို့၏မှတ်တမ်းများတွင် ထပ်နေသည်ကို ကျွန်ုပ်တို့မြင်ရသောအခါ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားသူထက်မည်သူသည် ရှေ့တွင်ရှိစေကာမူ ဇဝံဂေလိဆရာများ၏ ကွဲပြားခြားနားသောရှုထောင့်များကို သုံးသပ်နိုင်ခွင့်ရှိသည်။ ခရစ်ဝင်ကျမ်းတစ်စောင်တည်းတွင်ပါရှိသော အကြောင်းအရာများကို ကျွန်ုပ်တို့ဖတ်ရှု သောအခါ၊ ထိုစာရေးသူ၏ရည်ရွယ်ချက်များကိုထောက်၍ ၎င်းကိုလေ့လာနိုင်ပါသည်။

ခရစ်ဝင်ကျမ်းလေးစောင်၏ပေါင်းစပ်မှုကို ထည့်သွင်းစဉ်းစားပြီး၊ ၎င်းတို့၏ စစ်မှန်မှုကို ထုတ်ဖော်ရန် ကျွန်ုပ်တို့ အသင့်ရှိပါသည်။

## စစ်မှန်မှု

အသင်းတော်၏အစောပိုင်းရာစုနှစ်များတွင်၊ ဓမ္မသစ်ကျမ်းတွင် တမန်တော်ခေတ်မှ မည်သည့်စာအုပ် များ အမှန်တကယ်ပါဝင်သည်နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုအချို့ရှိခဲ့သည်။ အစောပိုင်းအသင်းတော် ခေါင်းဆောင်အချို့သည် ယခုကျွန်ုပ်တို့ရရှိထားသော ဓမ္မသစ်ကျမ်းစာအုပ်အားလုံးကို အသိအမှတ်မပြုပါ။ ယခုကျွန်ုပ်တို့၌ရှိနေသည့် နှစ်ဆယ့်ခုနစ်စောင်ထက် ကျော်လွန်၍ နောက်ထပ်စာအုပ်များ ထည့်သင့်သည်ဟု အခြားသူများ ယုံကြည်ကြသည်။

သို့သော် ဤအငြင်းပွားမှုများတွင် မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့၏စာအုပ်များ မပါဝင်ပါ။ ဤခရစ်ဝင်ကျမ်းလေးစောင်—နှင့် အခြားမဟုတ်—ဘုရားသခင်၏သစ္စာရှိအသင်းတော်များမှ စစ်မှန်ပြီး တရားဝင်ခွင့်ပြုချက်အဖြစ် အမြဲလက်ခံခဲ့ကြသည်။

ဥပမာအားဖြင့်၊ အေဒီ ၁၈၅ မှ ၂၅၄ ထိအသက်ရှင်ခဲ့သော တတိယရာစု အသင်းတော်ဖခင် Origen သည် ဓမ္မသစ်ကျမ်းတွင် ယခုကျွန်ုပ်တို့ပိုင်ဆိုင်သော ခရစ်ဝင်ကျမ်းလေးစောင်သာလျှင် စစ်မှန်ကြောင်း ဆိုခဲ့ သည်။

အေဒီ ၂၆၃ မှ ၃၄၀ ခန့်တွင် နေထိုင်ခဲ့သော အသင်းတော်သမိုင်းပညာရှင် Eusebius မှလည်း Origen ကို ကိုးကားဖော်ပြထားသည်။ Eusebius သည် Origen အား ကိုးကားထားသောသူ၏စာ Ecclesiastical History စာအုပ် ၆၊ အခန်း ၂၅၊ အပိုင်း ၄ ကို နားထောင်ပါ_

> ခရစ်ဝင်ကျမ်းလေးစောင်... ကောင်းကင်အောက်ရှိ ဘုရားသခင်၏အသင်းတော်တွင် တစ်ခုတည်းသော ငြင်းခုံ၍မရနိုင်သော တစ်ခုတည်းသောကျမ်းများဖြစ်သည်။

ထို့အပြင် အေဒီ ၁၃၀ မှ ၂၀၂ ခုနှစ်အထိ အသက်ရှင်ခဲ့သော အသင်းတော်ဖခင် Irenaeus သည် ရာစုနှစ်တစ်ခုအစောပိုင်းက သူ၏ Against Heresies စာအုပ် ၃၊ အခန်း ၁၁၊ အခန်း ၈ တွင် ခရစ်ဝင်ကျမ်း လေးစောင်ကို စုပေါင်းပြောခဲ့သည်။ သူရေးခဲ့သည်ကို နားထောင်ပါ –

> ခရစ်ဝင်ကျမ်းများသည် ၎င်းတို့ရှိသည်ထက် အရေအတွက် ပိုများရန် သို့မဟုတ် နည်းပါးရန် မဖြစ်နိုင်ပါ... လူသားတို့ထံထင်ရှားခဲ့သော သခင်ယေရှုသည် ခရစ်ဝင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

> ကျမ်းကိုကဏ္ဍလေးရပ်အောက်တွင် ကျွန်ုပ်တို့အား ပေးတော်မူသော်လည်း ဝိညာဉ် တစ်ဆူတည်းဖြင့် လုပ်ဆောင်သည်။

လေးခုထဲမှမည်သည့်တစ်ခုကိုဖြစ်စေ အငြင်းပွားခြင်း သို့မဟုတ် ဤလေးခုမှလွဲ၍ အခြားခရစ်ဝင် ကျမ်းကို အသင်းတော်ဝတ်ပြုကိုးကွယ်ရာ၌ အသုံးပြုခြင်းကို မည်သည့်အချိန်တွင်မှ သူ့အနေဖြင့်မသိခဲ့ဟု Irenaeus ဆိုသည်။

## ယုံကြည်ထိုက်သော စာရေးသူများ

ဤခရစ်ဝင်ကျမ်းလေးစောင်ကို ကနဦးအသင်းတော်၏ ရဲရင့်စွာယုံကြည်မှုအတွက် အနည်းဆုံးအကြောင်းရင်းသုံးချက်ရှိသည်။ ရှေးဦးစွာ၊ ခေါင်းစဉ်များတွင် အမည်ပေးထားသော ယုံကြည်စိတ်ချရသော စာရေးသူများမှ ရေးသားခဲ့သောကြောင့် ခရစ်ဝင်ကျမ်းများကို အစစ်အမှန်အဖြစ် အသင်းတော်လက်ခံခဲ့သည်။

ခရစ်ဝင်ကျမ်းများသည် မူလတွင် အမည်မသိဖြစ်နိုင်သည်။ သို့သော် ၎င်းတို့ကို ပထမအကြိမ်ထုတ် ဝေသောအခါတွင်၊ စာရေးသူများကို သိသူများမှ လက်ခံရရှိခဲ့ခြင်း သို့မဟုတ် စာရေးသူကို မည်သူဖြစ် ကြောင်းခွဲခြားသည့်စာများအနေဖြင့် ဖြန့်ဝေခြင်းလည်း ဖြစ်နိုင်သည်။ အစောဆုံးအချိန်မှစ၍၊ ခရစ်ယာန် ရေးသားချက်များသည် မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့၏အမည်များနှင့် ခရစ်ဝင်ကျမ်းများကို ဆက်စပ်ပေးသည်—ဓမ္မသစ်ကျမ်းမှ ထင်ရှားသောအသင်းတော်ခေါင်းဆောင်များအဖြစ် လူသိများသော လူလေးဦးဖြစ်သည်။

## တမန်တော်များ၏ ခွင့်ပြုချက်

ဒုတိယ၊ ကနဦးခရစ်ယာန်များသည် ဤစာအုပ်များသည် တမန်တော်များ၏ခွင့်ပြုချက်ဖြင့် ကျမ်းစာ တွင် ခရစ်ဝင်ကျမ်းများ၏နေရာ၌ ရှိသည်ဟုယုံကြည်ကြသည်။

မဿဲနှင့်ယောဟန်တို့သည် ယေရှု၏နှုတ်ကပတ်တော်များနှင့် အမှုတော်များအတွက် တမန်တော်များ၊ မျက်မြင်သက်သေများဖြစ်သည်။ ၁ ပေတရု ၅:၁၃ တွင် မာကုကို "ငါ့သား" ဟု ချစ်ခင်မြတ်နိုးစွာ ပြောဆိုခဲ့ သော ပေတရုထံမှ မာကုသည်သူ၏အကြောင်းအရာအများအပြားကို ရရှိခဲ့သည်ဟု ယူဆခဲ့သည်။ ကျွန်ုပ်တို့ မြင်ထားပြီးဖြစ်သည့်အတိုင်း၊ လုကာ ၁:၁-၄ တွင်၊ လုကာသည် မျက်မြင်သက်သေများပေါ်တွင် သူ၏လုပ် ဆောင်မှုကို အခြေခံထားကြောင်း ရှင်းပြခဲ့သည်။

ထို့အပြင်၊ တမန်တော်ယောဟန်သည် မိမိကိုယ်တိုင်မရေးမီ အခြားခရစ်ဝင်ကျမ်းသုံးစောင်စလုံးကို အတည်ပြုခဲ့ကြောင်း Eusebius သည်သူ၏ Ecclesiastical History တွင်အစီရင်ခံခဲ့သည်။ စာအုပ် ၃၊ အခန်း ၂၄၊ အခန်း ၇ တွင် တမန်တော်ယောဟန်အကြောင်း Eusebius ရေးထားသည်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မသဲ၊ မာကုနှင့် လုကာတို့သည် လူအပေါင်းတို့၏လက်သို့ ရောက်သကဲ့သို့ သူ၏လက်သို့လည်း ရောက်သည်ဖြစ်၍၊ သူသည် သူတို့အားလက်ခံ၍ သူတို့၏ သမ္မာတရားကို သက်သေခံသည်ဟု ခရစ်ဝင်ကျမ်းသုံးစောင်တွင်ဆိုထားပြီးဖြစ်သည်။

## အသင်းတော်၏သက်သေ

တတိယ၊ ခရစ်ဝင်ကျမ်းလေးစောင်စလုံးကို ပထမရာစုရှိ အသင်းတော်၏သက်သေများသည် ထောက်ခံထားသည်။ ယေရှု၏သက်တော်စဉ်နှင့် ဓမ္မအမှုတော်အချိန်တွင် သက်ရှိထင်ရှားရှိနေသည့် မျက်မြင် သက်သေများသည် ၎င်းတို့၏မှတ်တမ်းများကို ငြင်းပယ်နိုင် သို့မဟုတ် အတည်ပြုနိုင်ရန် စာအုပ်လေးအုပ် သည် လုံလောက်နေပြီဖြစ်သည်။ ဖြစ်ပျက်ခဲ့သည့်အတိုင်း၊ မျက်မြင်သက်သေများသည် ကနဦးကာလတွင် အသင်းတော်များသို့ ခရစ်ဝင်ကျမ်းများအားလက်ခံခြင်းဖြင့် ၎င်းတို့ကို အတည်ပြုခဲ့ကြသည်။

> ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်၌ သူ၏ကိုယ်ပိုင်အသံကို သက်သေခံသည်။ သို့သော် ကျွန်ုပ်တို့၏အကူအညီအတွက်၊ သမ္မာကျမ်းစာတွင်ဖော်ပြထားသော သမိုင်း ဖြစ်ရပ်များကို ကြည့်ရှုနိုင်ပြီး၊ ၎င်းတို့သည် အခြားအရင်းအမြစ်များမှ ကျွန်ုပ်တို့ သိထားသောအရာများနှင့် ဆက်နွယ်နေကြောင်း တွေ့ရှိနိုင်သည်။ ပို၍ယေဘုယျအ ဆင့်အားဖြင့်၊ လူမှုရေးအခြေအနေများ၊ နိုင်ငံရေးအခြေအနေများ၊ ပထဝီဝင်နှင့် သမ္မာကျမ်းစာတွင်ဖော်ပြထားသော ဤအရာအားလုံးတို့သည်၊ ၎င်းတို့ ရေးသားခဲ့သော သမိုင်းခေတ်ကာလနှင့် ကိုက်ညီကြောင်း ကျွန်ုပ်တို့သိမြင်နိုင်သည်။ ခရစ်ဝင်ကျမ်းများ ရေးသားခဲ့သည့် ပထမရာစုပါလက်စတိုင်းအပါအဝင်၊ ၎င်းတို့ရေးသားခဲ့သော သမိုင်း ကာလနှင့်ပတ်သက်၍ ကျွန်ုပ်တို့သိထားသည်များနှင့် ကိုက်ညီပါသည်။ သို့ရာတွင်၊ သမ္မာကျမ်းစာရှိ တိကျသောသမိုင်းအကြောင်းအရာများ၊ သမိုင်းဆိုင်ရာအခြေအနေ များနှင့် ၎င်းတို့ဖော်ပြထားသောအခြေအနေများကို ကျွန်ုပ်တို့ကြည့်ရှုသောအခါ၊ ၎င်းတို့သည် ၎င်းတို့လာသည်ဟု ပြောသည့်အချိန်မှ လာခြင်းဖြစ်ကြောင်း၊ ဝိညာဉ် တော်၏ သက်သေခံချက်ဖြင့်၊ ၎င်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ် ကြောင်း စစ်မှန်သောယုံကြည်စိတ်ချမှု ရရှိကြောင်းကိုသိရှိရန် ကျိုးကြောင်းဆီလျော် သော အခြေခံအချက်ကို ကျွန်ုပ်တို့အားပေးပါသည်။ ထို့ကြောင့်၊ ကနဦးအသင်းတော် ၏ ပထမရာစုနှင့် ဒုတိယရာစုတွင်၊ ကျွန်ုပ်တို့သိကြသည့်အတိုင်း ခရစ်ဝင်ကျမ်း လေး စောင်ကို တမန်တော်များ သို့မဟုတ် တမန်တော်များနှင့်သက်ဆိုင်သောအရင်းအမြစ် များထံမှ တစ်ကမ္ဘာလုံး လက်ခံရရှိကြပြီး၊ ယေရှုပြုခဲ့သည့်အရာ၊

ယေရှုမည်သူမည်ဝါ ဖြစ်သည်နှင့် ယေရှုသွန်သင်ပေးသောအရာများအကြောင်း သစ္စာရှိ၍ ယုံကြည်စိတ်ချ ရသော မျက်မြင်သက်သေအဖြစ် မှတ်ယူခံရသည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ခရစ်ဝင်ကျမ်းများသည် ယုံကြည်စိတ်ချရသော၊ မှတ်သွင်းခြင်းနှင့် မှန်ကန်သောအ ချက်များရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ရသည့် အကြောင်းရင်းများစွာရှိပါသည်။ သို့သော် အရေးကြီးဆုံးဟု ပြောနိုင်သည့်အချက်သည်_ မျက်မြင်သက်သေများသည် သူတို့၏သက်သေခံချက်များကို သူတို့၏ဘဝဖြင့် တံဆိပ်ခတ်ထားကြခြင်းဖြစ်သည်။ သူတို့ထဲမှ တစ်ဦးဦးသည် ရောင်းစားခြင်း၊ ပြင်းထန်စွာအရိုက်ခံရခြင်း၊ ထောင်ချခံရ ခြင်း၊ ကားတိုင်ပေါ်အသတ်ခံရခြင်း မတိုင်မီထိ သင့်အား“အို၊ ခင်ဗျားသိလား ဒါကပုံ ပြင်တစ်ပုဒ်ပဲ”ဟု ပြောလိမ့်မည်ဟု သင်ထင်နိုင်ပါသည်။ သူတို့ပြောသည့်စကား ကြောင့် သူတို့သေကြသည်။ ယခု၊ လူတွေသည် သေလိုကြသည်ကို ကျွန်ုပ်တို့အားလုံး သိကြသည်... လူတွေသည် လိမ်ညာမှုများကြောင့် သေရသည်မှာများသည်။ မုသာ စကားကြောင့်သေဆုံးသူအများစုသည် လိမ်ညာခြင်းဖြစ်သည်ကို မသိကြပါ။ လူနည်း စုသည် သူတို့၏ဘဝတစ်လျှောက်လုံးတွင် ကြီးမားသောအာဏာ သို့မဟုတ် စည်းစိမ် ကြွယ်ဝမှု သို့မဟုတ် ဂုဏ်သိက္ခာများရရှိပါက လိမ်ညာသည်ဟုသိထားသော လိမ်ညာ မှုတစ်ခုအတွက် သေဆုံးကြပါလိမ့်မည်။ ထိုအရာတစ်ခုမှ သူတို့မရကြ။ ဤလောက၌ ၎င်းတို့သည်ဘာမျှမဟုတ် အစဉ်ပြေးလွှားနေကြရသည်၊ ဆင်းရဲမွဲတေခဲ့ကြသည်၊ စတေးခဲ့ကြ၊ ရိုက်နှက်ခြင်းခံကြရသည်၊ ထို့နောက် သေဆုံးခဲ့ကြကုန်သည်။ သူတို့ထဲမှ တစ်ဦးတစ်ယောက်မှ သူတို့၏သက်သေခံချက်ကို မပယ်ဖျက်ကြ။ ထို့ကြောင့်၊ ဖြစ် ပျက်ခဲ့သည်တို့ကို ကျွန်ုပ်တို့ သေချာစွာ သိနိုင်ပါသည်။

**ဒေါက်တာ Dan Doriani**

# စည်းလုံးညီညွတ်ခြင်း

ယခု ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းများ၏ စာပေလက္ခဏာများကို ဆန်းစစ်ကာ အသင်းတော်ရှိ ၎င်း တို့၏နေရာကိုလေ့လာပြီးနောက်၊ ဓမ္မသစ်ခရစ်ဝင်ကျမ်း လေးစောင်စလုံးကြား စည်းလုံးညီညွတ်မှုကို လေ့လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ပထမဦးစွာ၊ စာအုပ်တစ်အုပ်စီသည် ဘုရားသခင်၏နိုင်ငံတော်၏ တူညီသောဇာတ်လမ်းကို ပြောပြ ကြောင်းအတည်ပြုခြင်းဖြင့် ခရစ်ဝင်ကျမ်းများကြား စည်းလုံးညီညွတ်မှုကို ထည့်သွင်းစဉ်းစားပြီး၊ ဒုတိယ အနေဖြင့် ယေရှုအား ဘုရားသခင်၏နိုင်ငံတော်ကို ဆောင်ကြဉ်းပေးသူအဖြစ် ၎င်းတို့၏အလေးပေးမှုကို လေ့လာမည် ဖြစ်သည်။ ဓမ္မသစ်ကျမ်းတစ်ခုစီ၏ တူညီသော ကြီးမားသောမှတ်တမ်းသည် ဓမ္မသစ်ခရစ်ဝင် ကျမ်းတစ်ခုစီနှင့် သက်ဆိုင်ကြောင်း အတည်ပြုချက်ဖြင့် စတင်ကြပါစို့။

## တူညီသော မှတ်တမ်း

ယေဘူယျသဘောအရ၊ မဿဲ၊ မာကု၊ လုကာ နှင့် ယောဟန်တို့၏ကျမ်းများတွင်ဖော်ပြထားသော မှတ်တမ်းသည် ဧဝံဂေလိကျမ်းများဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ အမှန်တွင်၊ ဤအချက်ကြောင့် "ခရစ်ဝင်ကျမ်းများ" ဟု ခေါ်ဝေါ်ကြသည်။ ၎င်းတို့သည် ဧဝံဂေလိဇတ်လမ်းကို ပြောပြသော စာအုပ်များဖြစ် သည်။ သို့သော် ဧဝံဂေလိမှတ်တမ်းအတိအကျသည် အဘယ်နည်း။

"ဧဝံဂေလိ" ဟူသော စကားလုံးသည် ဂရိစကားလုံး euangelion *(εαγγέλιον)* ကို ဘာသာပြန်ဆိုထား ပြီး "သတင်းကောင်း" ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာသည် ယေရှု၏ဧဝံဂေလိတရားအ ကြောင်းပြောသောအခါ၊ ယေရှုနှင့်သက်ဆိုင်သည့်သတင်းကောင်းကို ရည်ညွှန်းသည်။ သို့သော် ဤသတင်း ကောင်းအတိအကျသည် အဘယ်နည်း။ ယေရှုသည် မည်သူနည်း။ ထို့ပြင် ခရစ်ဝင်ကျမ်းများသည် သူ့ အကြောင်း မည်သည့်အရာပြောကြသနည်း။

ဤမေးခွန်းများကိုဖြေဆိုရန်၊ "ဧဝံဂေလိ" ဟူသောစကားလုံးသည် ရှေးခေတ်တွင် အလွန်တိကျသော သတင်းအမျိုးအစားကို တစ်ခါတစ်ရံ ရည်ညွှန်းကြောင်း နားလည်ရန်လိုသည်။ အထူးသဖြင့်၊ စစ်ဘုရင်များ သို့မဟုတ် ဧကရာဇ်မင်းများသည် နယ်မြေသစ်များကို သိမ်းပိုက်သောအခါ၊ ၎င်းတို့သည် ၎င်းတို့၏အောင်ပွဲ များကို "သတင်းကောင်း" ဟုခေါ်သော ကြေညာချက်များတွင် ကြွေးကြော်ကြသည်။ "ဧဝံဂေလိတရား" ဟူသော အသုံးအနှုန်းကို အသုံးပြုရာတွင်၊ "သတင်းကောင်း" သည် ဘုရင်တစ်ပါး၏အောင်ပွဲအကြောင်း ကြေငြာချက်ဖြစ်ပြီး၊ သူ၏နန်းတက်ခြင်းသည် သူ၏လူတို့အား ကောင်းချီးများ ယူဆောင်လာမည်ဟူ၍ ဖြစ်သည်။ အမှန်မှာ၊ ဤအသုံးအနှုန်းအား ဓမ္မဟောင်းကျမ်းတွင် တစ်ခါတစ်ရံတွင် အသုံးပြုခဲ့သည်။ ဥပမာ၊ ဟေရှာယ ၅၂:၇ ၏စကားများကို နားထောင်ပါ။

"ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်း ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၊ သင်၏ ဘုရားသခင် စိုးစံတော်မူ၏ ဟု ဇိအုန်မြို့အား ပြောသောသူ၏ ခြေတို့သည် တောင် ပေါ်မှာ အလွန်တင့်တယ်လှစွတကား" (ဟေရှာယ ၅၂း၇)

ဤကျမ်းပိုဒ်တွင်၊ ဟေရှာယသည် ယေရုရှလင်မြို့ပတ်လည်ရှိ တောင်များပေါ် ရှိ သံတမန်များ၏ အံ့သြဖွယ်ချဉ်းကပ်မှုကို စိတ်ကူးယဉ်ပြီး ဣသရေလ၏ကျွန်ခံချိန်ကုန်ဆုံးပြီဖြစ်ကြောင်း သတင်းကောင်း ကြေညာခဲ့သည်။ သူတို့သည် ဘုရားသခင်၏ အရာအားလုံးအပေါ် အုပ်စိုးခြင်းကြောင့် ငြိမ်သက်ခြင်းနှင့် ကယ်တင်ခြင်းအကြောင်းတို့ကို ကြေငြာကြ၏။

ဟေရှာယ ပရောဖက်ပြုချက်၏အခြေအနေတွင်၊ ဘုရားသခင်၏အုပ်စိုးခြင်း—မြေကြီးပေါ်၌ သူ၏ နိုင်ငံတော်တည်ဆောက်ခြင်း—သည် ဣသရေလနှင့် ယုဒလူမျိုးများကြားသိရန် လိုအပ်သည့်သတင်းကောင်း ဖြစ်သည်။ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင်၊ ၎င်းတို့သည် ရန်သူများထံမှလွတ်မြောက်ပြီး ဘုရားသခင် ၏ ကမ္ဘာချီနိုင်ငံတော်တွင် ထာဝစဉ်နေထိုင်ကြမည်ဟူသော သတင်းဖြစ်သည်။

သို့သော် ဟေရှာယခေတ်တွင်၊ ဘုရားသခင်သည် ဤအရာကို မလုပ်ဆောင်သေးပါ။ ဟေရှာယ၏ ပရောဖက်ပြုချက်သည် မြေကြီးတစ်ပြင်လုံးကို အုပ်စိုးသောဘုရင်အဖြစ် ဘုရားသခင် တန်ခိုးအာဏာနှင့် ကြွလာမည့် အနာဂတ်နေ့ကို စောင့်မျှော်နေပါသည်။ မဿဲ၊ မာကု၊ လုကာ နှင့် ယောဟန်တို့ ပြောသော သတင်းကောင်းသည် ယနေ့ယေရှု၌ နောက်ဆုံးသဘောပေါက်လာပြီဖြစ်သည်။ ခရစ်ဝင်ကျမ်းရေးသူများ အားလုံးသည် တူညီသော မှတ်တမ်းကို ပြောပြကြပြီး၊ ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာသူနှင့် ဓမ္မဟောင်း ပရောဖက်ပြုချက်များကို ပြည့်စုံစေသူအဖြစ် ယေရှုအား ပြန်လည် ညွှန်ပြကြသည်။ သူတို့သည် လှပသောခြေများရှိသည့်တမန်များဖြစ်ကြပြီး ဘုရားသခင်၏နိုင်ငံတော်သည် ၎င်း၏နောက်ဆုံးဘုရင်အား ဖြင့် မြေကြီးပေါ်သို့ရောက်ရှိလာကြောင်း သတင်းကောင်းကိုကြေညာခဲ့သည်_ ယေရှု နိုင်ငံတော်ကြွလာခြင်း ၏ ဤဇာတ်လမ်းတစ်ခုသည် ခရစ်ဝင်ကျမ်းလေးစောင်စလုံး၏ စည်းလုံးညီညွတ်မှုကို ပေးစွမ်းသည်။

ဤအချက်ကိုထောက်၍၊ ဓမ္မသစ်ခရစ်ဝင်ကျမ်းတွင် "ဧဝံဂေလိ" နှင့် "ဧဝံဂေလိတရားဟောပြောခြင်း" ကဲ့သို့သော အသုံးအနှုန်းများကို ဘုရားသခင့်နိုင်ငံတော်အားရည်ညွှန်းသည့်အသုံးအနှုန်းထက် မကြာခဏနည်းပါးစွာတွေ့ရခြင်းသည် အံ့သြဖွယ်မဟုတ်ပါ။ မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့၌ "ဧဝံဂေလိ" ဟူသော စကားလုံးသည် အသုံးအနှုန်းပုံစံအမျိုးမျိုးဖြင့် အခန်းငယ် ၂၃ ခုတွင်သာ တွေ့ရသည်။ ၎င်းနှင့်ဆန့် ကျင်ဘက်အားဖြင့် "ဘုရင်" "ဘုရားသခင်၏နိုင်ငံတော်" နှင့် မဿဲ၏အထူးအသုံးအနှုန်း ဖြစ်သည့် "ကောင်း ကင်နိုင်ငံတော်" ကဲ့သို့သော စကားစုများကို အကြိမ် ၁၅၀ ခန့်အသုံးပြုကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ဝင်ကျမ်းများအားလုံးသည် ဘုရားသခင်၏နိုင်ငံတော်၏ တူညီသောမှတ်တမ်းကို ပြောပြသည် ကို ယခုကျွန်ုပ်တို့နားလည်လာသောအခါ၊ ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာပေးသော ဘုရင်အဖြစ် ယေရှုအပေါ် ၎င်းတို့၏အလေးပေးမှုကို ဆက်၍ကြည့်ကြပါစို့။

## ယေရှု

ယေရှုနှင့်နိုင်ငံတော်အကြောင်း ကျွန်ုပ်တို့၏ဆွေးနွေးချက်ကို သုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ယေရှုသည် နိုင်ငံတော်ကို ယူဆောင်လာကြောင်း သက်သေပြရန် ခရစ်ဝင်ကျမ်းများဖော်ပြသည့် အထောက်အထားအချို့ ကို သုံးသပ်ပါမည်။ ဒုတိယ၊ ယေရှုနှင့်နိုင်ငံတော်အကြောင်းဖော်ပြသည့် သမ္မာကျမ်းစာ၌အသုံးပြုသော ဝေါဟာရကို ဖော်ပြပါမည်။ တတိယ၊ ယေရှုသည် နိုင်ငံတော်ကိုအချိန်ကာလများဖြင့် ယူဆောင်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သခင်ယေရှုသည် နိုင်ငံတော်ကို ယူဆောင်လာကြောင်း သက်သေအထောက် အထားအချို့နှင့် စတင်ကြပါစို့။

## သက်သေအထောက်အထားများ

သခင်ယေရှု၌ ဘုရားသခင်၏နိုင်ငံတော် ကြွလာခြင်းကို ခရစ်ဝင်ကျမ်းများသည် အခိုင်အမာဖော်ပြ သည့် နည်းလမ်းများစွာရှိသည်။ သို့သော် ဤသင်ခန်းစာ၏ရည်ရွယ်ချက်အတွက်၊ သုံးခုကိုသာ အာရုံစိုက် ပါမည်။ ကျွန်ုပ်တို့ဖော်ပြမည့် ဘုရားသခင်၏နိုင်ငံတော်၏ ပထမဆုံး သက်သေအထောက်အထားများမှာ နတ်ဆိုးများအပေါ် ယေရှု၏တန်ခိုးရှိခြင်း ဖြစ်သည်။ မဿဲ ၁၂း၂၈ တွင် ယေရှု ပြောခဲ့သည်ကို နားထောင် ကြည့်ပါ_

> ငါသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုအမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်မှန်လျှင်၊ အကယ်စင်စစ် သင်တို့၌ ဘုရားသခင်၏ နိုင်ငံတော်တည်ချိန်ရောက်လေပြီ (မဿဲ ၁၂း၂၈)။

ဤကျမ်းပိုဒ်တွင် ယေရှုသည် နတ်ဆိုးတစ်ကောင်ကို နှင်ထုတ်ခဲ့သည်။ နတ်ဆိုးများကို နှင်ထုတ်နိုင် စွမ်းသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာကြောင်း သက်သေပြခြင်း ဖြစ်သည်။

ဘုရားသခင့်နိုင်ငံတော် ပေါ်ထွန်းလာကြောင်း ခရစ်ဝင်ကျမ်းများဖော်ပြသည့် ဒုတိယနည်းမှာ ဖျားနာ သူများကို ကုသပေးပြီး၊ သေလွန်သူများကို ရှင်ပြန်ထမြောက်စေသည့် ယေရှု၏တန်ခိုးအားဖြင့်ဖြစ်သည်။

ခရစ်ဝင်ကျမ်းများတွင် ယေရှု၏ကုသပေးနိုင်သောတန်ခိုးအပြင် — တပည့်တော်တို့အားပေးခဲ့သော အလားတူတန်ခိုးသည် —ဘုရားသခင်၏နိုင်ငံတော်ကို ကိုယ်တော်သည်ယူဆောင်လာကြောင်း သက်သေပြ သည်။ ဤအကြောင်းအရာကို မဿဲ ၄:၂၃-၂၄၊ ၈:၅-၁၃၊ နှင့် ၁၀:၇-၈ တွင် တွေ့မြင်ရသည်။ လုကာ ၉:၁-၁၁၊ နှင့် ၁၀:၉ — နှင့် အခြားနေရာများစွာတွင်လည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့နိုင်သည်။ နိုင်ငံတော်ကြွလာခြင်းသည် အပြစ်များကိုခွင့် လွှတ်သည့် ယေရှု၏အခွင့်အာဏာ၌လည်း တွေ့မြင်ရသည်။

ဟေရှာယ ၃၃း၂၂-၂၄ တွင် ကြွလာမည့်မေရှိယအကြောင်း ဟေရှာယပရောဖက်ပြုချက်ကို နားထောင် ပါ_

> အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏ တရားသူကြီး ဖြစ်တော်မူ၏။ ထာဝရ ဘုရားသည် ငါတို့၏ ပညတ်တရားရှင် ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ ရှင်ဘုရင်ဖြစ်၍၊ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။... မြို့သားကလည်း၊ ငါနာသည် ဟုမဆိုရ။ ထိုမြို့၌ နေသောသူတို့သည် အပြစ်ပြေရှင်းခြင်းသို့ ရောက်ရကြ လိမ့်မည် (ဟေရှာယ ၃၃း၂၂-၂၄)။

ကုသခြင်းနှင့် ခွင့်လွှတ်ခြင်းသည် ဘုရားသခင်၏ တော်ဝင်လုပ်ပိုင်ခွင့်အာဏာဖြစ်ကြောင်း ဟေရှာယ ဖော်ပြခဲ့သည်။ မေရှိယသည် မြေကြီးပေါ် ရှိ ဘုရားသခင့်နိုင်ငံတော်ကို ပြန်လည်ထူထောင်သောအခါ မေရှိယ မှတစ်ဆင့် နောက်ဆုံးတွင် ကုသခြင်းနှင့် ခွင့်လွှတ်ခြင်းရရှိမည်ဖြစ်ကြောင်း သူပရောဖက်ပြုခဲ့သည်။

ဤသည်မှာ ယေရှုပြုခဲ့သည့်အတိအကျ ဖြစ်သည်။ သူသည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက် ရန် လူများကိုဖိတ်ခေါ် ခဲ့သည်။ သေခြင်းအစား သူတို့ကို အသက်ပေးခဲ့သည်။ ၎င်းသည် ကယ်တင်ခြင်းသ တင်းစကား၊ အပြစ်တရားမှ လွတ်မြောက်ခြင်းသတင်းစကားဖြစ်သည်။ မာကု ၂း၉-၁၁ တွင် ယေရှု၏ ဆွေးနွေးချက်ကို နားထောင်ပါ_

> လက်ခြေသေသောသူအား အဘယ်စကားကိုသာ၍ပြောလွယ်သနည်း။ သင်၏အပြစ် ကိုလွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထလော့။ ကိုယ်အိပ်ရာကိုဆောင်၍ လှမ်း သွားလော့ဟု ပြောလွယ်သလော။ လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည် ကို သင်တို့သိစေခြင်းငှါ ထလော့။ ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့သွားလော့ ဟု သင့်အား၊ ငါဆိုသည်ဟု လက်ခြေသေသောသူ အား မိန့်တော်မူ၏ (မာကု ၂း၉-၁၁)။

သခင်ယေရှုသည် နိုင်ငံတော်တည်ရှိနေသော လူသားဖြစ်သောကြောင့် မြေကြီးပေါ်၌အပြစ်ခွင့်လွှတ် ရန် အခွင့်အာဏာရှိကြောင်း ပြောကြားသောအခါ လူတိုင်းအံ့အားသင့်ခဲ့သည်။

သခင်ယေရှု၌၊ ဘုရားသခင်၏ အုပ်ချုပ်ခြင်း ရောက်ရှိခဲ့သည်။ ဘုရားသခင်၏ အုပ်စိုးမှု၊ ဘုရားသခင် ၏နိုင်ငံတော်သည် မြေကြီးပေါ်တွင် ရှိခဲ့သည်။ ၎င်းသည် ဘုရားသခင်၏လူမျိုးအတွက် ကောင်းချီးများဖြစ် သည်ဟု ဆိုလိုသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟေရှာယပရောဖက်ပြုခဲ့သော ဘုရားသခင်၏ငြိမ် သက်ခြင်းသည် နောက်ဆုံးတွင် ရောက်လာပြီဟု ဆိုလိုသည်။

ဤသက်သေအထောက်အထားများကို စိတ်ထဲစွဲမှတ်ထားပြီး၊ ယေရှုနှင့်နိုင်ငံတော်အကြောင်း ပြောဆို ရန် ခရစ်ဝင်ကျမ်းများအသုံးပြုသည့် ဝေါဟာရအကြောင်း လေ့လာကြပါစို့။

## ဝေါဟာရ

တခါတရံတွင် ခရစ်ယာန်များသည် ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်၍ ခရစ်ဝင်ကျမ်းများ၏ အလေးပေးမှုကို ချက်ချင်းမမြင်ရသည့် အကြောင်းရင်းတစ်ခုမှာ ခရစ်ဝင်ကျမ်းရေးသူများသည် ၎င်းအ ကြောင်းကို ပြောဆိုရာ၌ အမျိုးမျိုးသောစကားလုံးများစွာကို အသုံးပြုခြင်းကြောင့်ဖြစ်သည်။ "ဘုရင်" နှင့် "နိုင်ငံတော်" ကဲ့သို့သော စကားလုံးများကို အသုံးပြုကြသည်မှာ ထင်ရှားသည်။ သို့သော် သူတို့သည် "စိုးစံ ခြင်း" "အုပ်ချုပ်ခြင်း" "အာဏာစက်" "ပလ္လင်" "ဒါဝိဒ်၏သားတော်" နှင့် ဘုရားသခင်၏ အချုပ်အခြာအာဏာ နှင့် ထိန်းချုပ်မှုကို ညွှန်ပြသည့် အခြားစကားလုံးများကိုလည်း အသုံးပြုကြသည်။

> ဓမ္မသစ်စာရေးသူများသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ပြောဆိုရန် ဝေါဟာ ရအမျိုးမျိုးကို အသုံးပြုကြပြီး၊ ရှင်းလင်းပြတ်သားသောစကားလုံးများသာမက၊ ဆက်စပ်သဘောတရားများကိုလည်း အသုံးပြုကြသည်။ ထို့ကြောင့်၊ ဥပမာအားဖြင့်၊ ဓမ္မဟောင်းဘာသာစကားဖြင့် ဘုရင်ဒါဝိဒ်၏သားတော်အကြောင်းပြောသော "မေရှိ ယ" "ဘိသိက်ခံ" ဟုအဓိပ္ပာယ်ရသော *Christos* ကဲ့သို့ ယေရှုအတွက် ဘွဲ့အမည်တစ်ခု ကို ကျွန်ုပ်တို့မြင်နိုင်သည်။ သို့တည်းမဟုတ် *kurios* သို့မဟုတ် သခင် ဟူသော စကား လုံးဖြင့် ယေရှုအတွက် ဘွဲ့အမည်တစ်ခုတွင်၊ Caesar ကဲ့သို့ ဘုရင်တစ်ပါးအဖြစ် ယေရှုအကြောင်း တစ်ဖန်ပြန်၍ပြောသည်ကို တွေ့မြင်နိုင်သည်။ Caesar ၌လည်း ၎င်းဘွဲ့နာမရှိခဲ့သည်။ ထို့ကြောင့်၊ ဓမ္မသစ်ကျမ်းရေးသူများ၏ အခြေအနေနှင့် အချိန် အတွင်း၊ "သခင်" ကဲ့သို့သော စကားလုံးဖြင့်ဖော်ပြသော အခွင့်အာဏာကို လူတို့နား လည်ကြလိမ့်မည်။ ကျွန်ုပ်တို့တွင် အရေးကြီးဆုံးစကားစုမှာ အထူးသဖြင့် "ဘုရား သခင်၏နိုင်ငံတော်" သို့မဟုတ် မဿဲ၏အခြေအနေတွင် အထူးသဖြင့် "ကောင်းကင် နိုင်ငံတော်" ဟူသောစကားစုဖြစ်သည်။ ထို့ကြောင့် ဤစကားစုအား ပုံစံနှစ်မျိုးနှင့် ပြောသွားပါမည်။ တစ်ခုမှာ ခရစ်တော်၏သူ့လူတို့အပေါ် အုပ်စိုးခြင်း၏နယ်ပယ် တစ်ခုနှင့် ပတ်သက်သော်လည်း၊ ၎င်းသည် နှုတ်အကြံဉာဏ်၊ ဘုရားသခင်၏ အုပ်စိုးမှု အမျိုးအစား၊ သူ၏လူများအပေါ် အုပ်စိုးသော ဘုရားသခင်၏ အခွင့်အာဏာထက် ပိုပါသည်။ ထို့ကြောင့်၊

> ဆက်စပ်အယူအဆများ၊ ဥပမာ နာခံခြင်းသဘောတရားကဲ့သို့ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်၏ သတ်မှတ်ချက်များတွင် ရှင်းလင်းပြတ်သားစွာ မဖော်ပြထားသော်လည်း၊ ဘုရင့်အာဏာစက်နှင့် နာခံမှုမျိုးနှင့် ယေရှုနှင့်စပ်လျဉ်း၍ ကိုးကွယ်ဆည်းကပ်ခြင်းပင် ဖြစ်သည်။

**ဒေါက်တာ Gregory R. Perry**

ဥပမာတစ်ခုအနေနှင့် မာကု ၂:၁-၁၂ တွင် လေဖြတ်သောသူကို ကုသပေးသည့် ယေရှု၏မှတ်တမ်းသည် "ရှင်ဘုရင်" သို့မဟုတ် "နိုင်ငံတော်" ဟူသော စကားလုံးကို အသုံးမပြုပါ။ သို့သော် အခန်းငယ် ၁၀ တွင် "လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်" ဟုယေရှုပြောသောအခါ မှတ်တမ်းတစ်ခုလုံး၏ နိုင်ငံ တော်ဆိုင်ရာအဓိပ္ပာယ်ကို မြင်တွေ့ရန် တွန်းအားပေးခဲ့သည်။ သခင်ယေရှု၏ တန်ခိုးကြီးသော ကုသခြင်းနှင့် ခွင့်လွှတ်ခြင်းစကားများဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် မြေကြီးပေါ်သို့ ရောက်လာခဲ့သည်။ အမှန်တွင်၊ ဓမ္မဟောင်း၏နောက်ခံကားချပ်သည် ဘုရားသခင့်နိုင်ငံတော်၏ဘုန်းအသရေ၊ သဘောသဘာဝကိုဖော်ပြ သည့် ပရောဖက်ပြုချက်များနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး၊ ယေရှုပြုခဲ့သောကောင်းမှုတိုင်းသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဘုရားသခင့်နိုင်ငံတော်၏ အရသာဖြစ်သည်။

> ဓမ္မဟောင်း၏ဘုရားသခင့်နိုင်ငံတော်မျှော်လင့်ချက်သည်၊ အထူးသဖြင့် ဟေရှာယ ကျမ်းမှ သူ၏နိုင်ငံတော်ကို တည်ထောင်ရန် ဘုရားသခင်ကြွလာမည့် မျှော်လင့်ချက် သည် အရာအားလုံး မှန်ကန်သည့် ပြန်လည်ထူထောင်ရေးကာလ၏ မျှော်လင့်ချက် ဖြစ်သည်။ ထို့ကြောင့် ယေရှု၏ဓမ္မအမှုတော်နှင့် ခရစ်ဝင်ကျမ်းများတွင် ကျွန်ုပ်တို့ တွေ့မြင်ရသည့်အရာများထဲမှတစ်ခုမှာ ယေရှု၏ကုသခြင်းလုပ်ငန်းနှင့် သူ၏လူများ ကို ပြန်လည်တည်ဆောက်ခြင်း၊ သေသူများကိုထမြောက်စေခြင်း၊ သွေးသွန်ရောဂါကို ရပ်တန့်ပေးခြင်း၊ လူတို့၏သွေးသွန်းခြင်းကို ရပ်တန့်ပေးခြင်း၊ ကျိုးနေသော ခြေလက် များကို ဖြောင့်မတ်ပေးခြင်းနှင့် ကန်းသော မျက်လုံးများကို ကုသပေးခြင်းတို့ ဖြစ် သည်။ ဤအရာများသည် ယေရှု၏တန်ခိုးနှင့် အခွင့်အာဏာကို ခုခံကာကွယ်သည့် နည်းဖြင့် သက်သေပြထောက်ခံရုံသာမက၊ ၎င်းတို့သည် ဘုရားသခင်၏တန်ခိုးတော် ကို ထင်ရှားစေကာ၊ အမှန်စင်စစ်အားဖြင့် ၎င်းတို့သည် ဘုရားသခင်၏ အုပ်စိုးမှု၊ သူ၏ ဘုရင်အဖြစ်ပြန်လည်တည်ဆောက်ခြင်း၊ သူ၏နိုင်ငံတော်အားပြန်လည်ထူ ထောင်ခြင်း စသည့်မျှော်လင့်ချက်သည် ယခုယေရှု၌ကြွလာပြီ ဖြစ်သည်။ ထို့ကြောင့်၊ ဤသည်မှာ ဘုရားသခင့်နိုင်ငံတော်၏ ဘာသာစကားမှလွဲ၍၊

> ဘုရားသခင်၏နိုင်ငံ တော် ပြီးမြောက်အောင်မြင်သည့် နည်းလမ်းများစွာထဲမှ တစ်ခုဖြစ်သည်။
>
> **ဒေါက်တာ Jonathan T. Pennington**

ယခု ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာကြောင်း သက်သေအထောက်အထား အချို့ကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးနောက်၊ ယေရှု၏နိုင်ငံတော်အကြောင်း ပြောဆိုရန် ခရစ်ဝင်ကျမ်းများတွင် အသုံးပြုသည့် ဝေါဟာရကို သုံးသပ်ခြင်းဖြင့်၊ နိုင်ငံတော်ကို ယေရှုဆောင်ယူလာခဲ့သည့် အချိန်ကာလများကို အတိုချုံးလေ့လာကြပါစို့။

## အချိန်ကာလများ

သူပေးသောနိုင်ငံတော်၏ လက်ရှိအတွေ့အကြုံသည် အလုံးစုံတစ်ခုလုံးမဟုတ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။ နိုင်ငံတော်၏ နောက်ထပ်အချိန်ကာလတစ်ခုသည် မရောက်သေးပါ။ အနာဂတ်တစ်ချိန်ချိန် တွင်၊ ဘုရားသခင်၏နိုင်ငံတော်သည် အလုံးစုံပြည့်စုံလာလိမ့်မည်။ လုကာ ၂၁:၂၇-၂၈ တွင် ဤအနာဂတ်နေ့ကို ယေရှုဖော်ပြခဲ့သည်။

> ထိုအခါ လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက်၊ မိုဃ်းတိမ် ကို စီးလျက် ကြွ လာသည်ကို မြင်ရကြလိမ့်မည်။ ထိုအမှုအရာတို့သည် ဖြစ်စရှိသော အခါ၊ သင်တို့ကို ရွေးနှုတ်သောအချိန်ကာလရောက်လုနီးသည်ကို ထောက်သဖြင့်၊ မော်ကြည့်၍ ခေါင်းကိုကြွကြလော့ဟု မိန့်တော်မူ၏ (လုကာ ၂၁:၂၇-၂၈)။

မေရှိယ ကြွလာသောအခါ၊ အပြစ်နှင့် သေခြင်းကို တစ်ပြိုင်နက်ပယ်ရှားပြီး၊ ဘုရားသခင်၏နိုင်ငံတော်၏ ခေတ်သစ်နှင့် အစားထိုးမည်ဟု ဂျူးဘာသာရေးဆရာများစွာသည် ဓမ္မဟောင်းကျမ်းကို သင်ကြား ရန် ဘာသာပြန်ဆိုခဲ့ကြသည်။

သို့သော် ယေရှုသည် နိုင်ငံတော်ကို အချိန်ကာလများဖြင့် ယူဆောင်လာကြောင်း ဖော်ပြခဲ့သည်။ ကိုယ်တော်သည် နိုင်ငံတော်ကို မြေကြီးဓမ္မအမှုတော်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်သည် ကောင်းကင်ဘုံမှ စိုးစံတော်မူခြင်းဖြင့် ယခုတည်ဆဲဖြစ်သည်။ ကိုယ်တော်ပြန်လာသောအခါတွင် ၎င်းသည် ကုန်ဆုံး လိမ့်မည် သို့မဟုတ် ပြီးမြောက်လိမ့်မည်။

> ပျက်ကိန်းဟောသောယုဒဘာသာတွင်၊ ပကတိအခြေအနေအားလုံးကို နှစ်ပိုင်းခွဲခြား ထားသည်_ လက်ရှိဆိုးယုတ်သောခေတ်နှင့် နောင်လာမည့်ခေတ်ဟူ၍ ဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် သူ၏နောက်ဆုံးနိုင်ငံတော်ပြင်ဆင်ချိန်တွင်၊ နောင်လာ မည့်ကာလတွင်၊ ၎င်းသည် ရုတ်ချည်း၊ ရုတ်တရက်နှင့် လုံးဝဖြစ်လိမ့်မည်ဟု မျှော်လင့် ပါသည်။ သင်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နိုင်ငံတော်မတိုင်ခင်ကာလမှ နိုင်ငံတော်ကာလသို့ ချက်ချင်း ပြောင်းရွှေ့သွားပေလိမ့်မည်—နိုင်ငံတော်၏ကာလ။ ဓမ္မသစ်ကျမ်းတွင်မူ၊ ဓမ္မသစ်၏ နောက်ဆုံးသောကာလကြာရှည်ခြင်းဟု ခေါ်ဝေါ်သည့်အရာ ရှိသည်၊ ထို့ကြောင့်ပျက် ကိန်းဟောသောယုဒဘာသာတွင် မျှော်မှန်းသည့်အတိုင်း နိုင်ငံတော်၏ကာလကို နှစ်ပိုင်းခွဲထားသည်_ပစ္စုပ္ပန်၊ သို့မဟုတ် ကောင်းကင်နိုင်ငံတော်၏ "ဖြစ်ပြီးပြီ" နှင့် ကောင်းကင်နိုင်ငံတော်၏ "မဖြစ်သေး" တို့ဖြစ်သည်။

**ဒေါက်တာ David R. Bauer**

ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ပြောသောအခါ၊ ၎င်းကို "ကြွလာ ပြီ" ဟု မကြာခဏပြောကြသော်လည်း အမှန်တကယ်တွင်၊ အနာဂတ်တွင် နိုင်ငံတော် ကို မျှော်လင့်နေဆဲဖြစ်သည်။ အမှန်တကယ်၊ ယေရှုသည် ကျွန်ုပ်တို့ကို ဤသို့ဆု တောင်းရန် သင်ပေးခဲ့သည်– "နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" ထို့ပြင် ဘုရင် ကြွလာသည့်အတွက် ကျမ်းသစ္စာကျိန်ဆိုပြီး သူ၏နိုင်ငံကို ကမ္ဘာမြေကြီးပေါ်တွင် ထူထောင်ထားသည်ဟူသည့် သဘောရှိသည်။ သို့သော် သူပြန်လာမည့်အချိန်ကို ကျွန်ုပ်တို့စောင့်နေကြသည်။ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသည် သခင် ယေရှုပထမကြွလာချိန်တွင် လုပ်ဆောင်ခဲ့သောအရာအားလုံး၏ အကျိုးကျေးဇူး အားလုံးကို ရရှိစေမည့်နေ့ဖြစ်သည်— သက်ရောက်မှုများ ရှိမည်— နောက်ဆုံးတွင် အကောင်အထည်ဖော်ဆောင်လိမ့်မည်။ ထို့ပြင် ယုံကြည်သူတိုင်းသည် ဤလောကသို့ ဧဝံဂေလိတရားကြွေးကြော်စဉ်တွင် စိတ်ထဲ၌ ဘုရင်၏အနာဂတ်ကြွလာခြင်းကို ကြေငြာရန် တာဝန်ရှိသည်ဟူသော ခံယူချက်ရှိသည်။ ထို့ကြောင့် ခရစ်တော်ပြန်ကြွ လာမည့်နေ့အတွက် အသင့်ပြင်ထားရန် လူများကို ကျွန်ုပ်တို့ တောင်းဆိုထားသည်။ သို့သော်လည်း ယုံကြည်သူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ သခင်အဖြစ် ရရှိခြင်း၏အခွင့်ထူးကို ယခုခံစားကြရသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုအချိန်တွင် ကိုယ်တော်၏အုပ်စိုးမှုအောက်တွင် ရှိနေသော်လည်း ၎င်းကို အပြည့် အဝနားလည်နိုင်မည့်နေ့ကို စောင့်မျှော်နေကာ၊ ကျွန်ုပ်တို့အတွက်သာမက၊ အမှန်တ ကယ်အားဖြင့် ဖန်ဆင်းခြင်းအားလုံးအတွက် ဖြစ်သည်။

**Rev. Dr. Simon Vibert**

ပထမရာစုရှိ ဂျူးအများစုသည် ယေရှုထံမှ လှည့်ထွက်သွားသည်မှာ အံ့သြစရာမဟုတ်ပါ။ အကြောင်းမှာ ယေရှုဖော်ပြခဲ့သောနိုင်ငံတော်သည် သူတို့မျှော်လင့်ထားသည့်၊ လိုချင်ခဲ့သောနိုင်ငံနှင့် မတူသောကြောင့်ဖြစ်သည်။ ရောမကို အနိုင်ယူပြီး ဂျူးလူမျိုးများအား ရောမတို့၏ဖိနှိပ်မှုမှ လွတ်မြောက်စေမည့် ဘုရင်တစ်ပါး နှင့်နိုင်ငံတစ်ခုကို မျှော်လင့်ခဲ့ကြသည်။ ယေရှုသည် ထိုသို့သောရှင်ဘုရင်ဖြစ်ရန် စိတ်မဝင်စား သောအခါ လူအများတို့သည် လုကာ ၁၇:၂၀-၂၅ နှင့် ယော ၆း၆၀-၆၉ တွင် တွေ့ရသကဲ့သို့ ကျောခိုင်းသွားကြ သည်။

အမှန်ပင်၊ ဤငြင်းပယ်မှုသည် နောက်ဆုံးတွင် ယေရှုအားကွပ်မျက်ခြင်းကို ဖြစ်စေခဲ့သည်။ ခရစ်ဝင် ကျမ်းများ၏ ကြီးစွာသောဝိရောဓိသည် သခင်ယေရှုကို ကားစင်တင်အသေသတ်ခြင်းသည် ကိုယ်တော်၏ ဘုရင်ဖြစ်ခြင်းအား ရန်ငြိုးဖွဲ့ခြင်း၏အထွတ်အထိပ်နှင့် တစ်ချိန်တည်းမှာပင် သူ၏ဘုရင်ဖြစ်ခြင်းနှင့်နိုင်ငံ တော်၏အောင်ပွဲပင် ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်တက်ကြွခြင်းသည် ခမည်းတော်ဘုရား သခင်၏ လက်ျာတော်ဘက်ရှိ သူ၏ရာဇပလ္လင်သို့ သွားရာလမ်းဖြစ်သည်။ ထို့ကြောင့် ယေရှုသည် ရှင်ပြန်ထ မြောက်ခြင်းနှင့် တက်ကြွခြင်းကြားရက်ပေါင်းလေးဆယ်ကို ဘုရားသခင်၏နိုင်ငံတော်အကြောင်း တပည့် တော်များအား သွန်သင်ပေးကာ လုကာ ၁:၃ တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

မဿဲ ၂၈:၁၈ တွင်၊ ယေရှုသည် ကောင်းကင်သို့ မတက်ကြွမီ ဤသို့ဆိုခဲ့သည်။

> ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင် သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ (မဿဲ ၂၈:၁၈)။

ဘုရားသခင်၏နိုင်ငံတော်သည် ခရစ်ဝင်ကျမ်းများတွင် ယေရှု၏သက်တော်စဉ်၏အဖြစ်အပျက်များ ကို စုစည်းပေးသည့် သတင်းကောင်း၏ အဓိကအကြောင်းအရာဖြစ်သည်။ ခရစ်ဝင်ကျမ်းများသည် ဘုရား သခင်သည် မိမိ၏ကတိတော်ကို စောင့်ထိန်းကြောင်း သတင်းကောင်းကို ကြေငြာသည်။ ၎င်းသည် သူ၏နိုင်ငံ တော်သည် ယေရှုအားဖြင့်လာပြီဟု ဆိုလိုသည်။ ထို့ပြင် ယေရှု၏အောင်ပွဲခံဘဝသည် တစ်နေ့တွင် ကိုယ် တော်သည် သူ၏နိုင်ငံတော်ကို ပြီးမြောက်စေရန် ပြန်လာလိမ့်မည်ဖြစ်ပြီး၊ ၎င်း၏ပြည့်စုံမှုဖြင့် ကောင်းချီးများ အားလုံးကို ကျွန်ုပ်တို့ထံ ယူဆောင်လာမည့်အကြောင်း အာမခံပါသည်။

# အမျိုးစုံလင်ခြင်း

ဤသင်ခန်းစာတွင်ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် စာပေဆိုင်ရာလက္ခဏာအရ ခရစ်ဝင်ကျမ်းများကို ဆန်းစစ်ပြီး၊ အသင်းတော်ရှိ ၎င်းတို့၏အခြေအနေကို ကြည့်ရှုပြီး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၎င်းတို့၏စည်းလုံးမှုကို ထည့်သွင်းစဉ်းစား ထားပါသည်။ ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ၎င်းတို့ကို တစ်ခုနှင့်တစ်ခု ကွဲပြားစေမည့် အမျိုးစုံလင်ခြင်း အကြောင်း ဆွေးနွေးရန် အသင့်ဖြစ်နေပြီဖြစ်သည်။

ကျွန်ုပ်တို့မြင်ခဲ့ရသည့်အတိုင်း၊ ခရစ်ဝင်ကျမ်းလေးစောင်စလုံးသည် ဘုရားသခင်၏နိုင်ငံတော်ကြွလာ ခြင်း၏ တူညီသောမှတ်တမ်းကို တင်ပြသော်လည်း၊ တစ်ခုစီသည် ၎င်းတို့၏ကိုယ်ပိုင်နည်းလမ်းဖြင့် လုပ် ဆောင်ကြသည်။ ဤအမျိုးစုံလင်ခြင်းအကြောင်းကို အဓိကနည်းလမ်းနှစ်မျိုးဖြင့် လေ့လာပါမည်။ ဦးစွာ၊ ခရစ်ဝင်ကျမ်းမှတ်တမ်းများ ပြန်လည်ချိန်ညှိခြင်းတွင် ထင်ရှားသောအခက်အခဲအချို့ကို လေ့လာပါမည်။ ဒုတိယ၊ ခရစ်ဝင်ကျမ်းတစ်ခုစီ၏ ထူးခြားသောအလေးပေးမှုများကို လေ့လာပါမည်။ ထင်ရှားသောအခက် အခဲများဖြင့် စတင်ကြပါစို့။

## ထင်ရှားသောအခက်အခဲများ

ခရစ်ဝင်ကျမ်းများကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ လွှမ်းခြုံထားသော အထင်အမြင်သည် ၎င်းတို့တစ်ခု နှင့်တစ်ခု မည်မျှတူညီသည်ဟူ၍ ဖြစ်သည်။ သို့ရာတွင်၊ ခရစ်ဝင်ကျမ်းမှတ်တမ်းများသည် ကွဲပြားသောအရာ များကို ပြောဆိုလိုသည့်သဘောရှိသည့် နေရာများစွာရှိသည်။ ဟုတ်ပါသည်၊ ဤကွဲပြားမှုအများစုသည် အသေးအဖွဲဖြစ်ပြီး ၎င်းတို့ကို မည်သည့်လေးနက်မှုအတိုင်းအတာနှင့်မှ ဆန့်ကျင်မှုများဟု မခေါ်ဆိုနိုင်ပါ။ သို့သော် အချို့သည် စာဖတ်သူများကို အနှောက်အယှက်ပေးသည်။ ထို့ကြောင့် အထင်ရှားဆုံးသောအခက် အခဲအချို့ကို ကြည့်ရှုရန် ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။

### သက္ကရာဇ်စဉ်

အဖြစ်အများဆုံး ကွဲပြားချက်အချို့သည် ခရစ်ဝင်ကျမ်းများတွင် ဖော်ပြထားသည့် အဖြစ်အပျက်များ ၏သက္ကရာဇ်စဉ်နှင့် သက်ဆိုင်သည်။

အတ္ထုပ္ပတ္တိဆိုင်ရာဇာတ်လမ်းများအနေနှင့်၊ ခရစ်ဝင်ကျမ်းတစ်ခုစီသည် တူညီသောအခြေခံအချိန်ဇ ယားကို လိုက်နာသည်။ တစ်ခုစီသည် ယေရှုမွေးဖွားခြင်းမှအစပြုကာ၊ အသေခံခြင်းသို့ ရွေ့သွားကြပြီး၊ နောက်ဆုံးတွင် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းသို့ ရောက်ရှိကြသည်။ သို့သော် သူတို့သည် ယေရှု၏ သက်တော်စဉ်တွင် အခြားဖြစ်ရပ်များကို အစီအစဉ်အမျိုးမျိုးဖြင့် စာရင်းပြုစုလေ့ရှိသည်။ အဘယ်ကြောင့် ဆိုသော် ခရစ်ဝင်ကျမ်းများသည် ပထမရာစု၏လူများ လက်ခံနိုင်လောက်သော ဦးစားပေးအစီအစဉ်များ အတိုင်း ရုံဖန်ရံခါ အဖြစ်အပျက်များကို အုပ်စုဖွဲ့ခဲ့သော်လည်း၊ ၎င်းသည် မျက်မှောက်ခေတ် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များနှင့် ကိုက်ညီမှုရှိမည်မှာ မဟုတ်ပါ။ သက္ကရာဇ်စဉ်အလိုက်ဖော်ပြခြင်း ဦးစားပေးများကို အတိအကျ လိုက်နာရမည့်အစား၊ ခရစ်ဝင်ကျမ်းများသည် တစ်ခါတစ်ရံ အကြောင်းအရာသို့မဟုတ် ပထဝီဝင် အခြေအနေအရ ၎င်းတို့၏ ဇာတ်လမ်းတွဲများကို စီစဉ်ရေးသားသည်။ ဥပမာ၊ မာကုသည် မာကု ၆:၁-၆ တွင် ယေရှုသည်သူ၏ဇာတိမြို့၌ ငြင်းပယ်ခံရသည့်အကြောင်း ပြောသည်။ သို့သော်

လုကာသည် လုကာ ၄:၁၄-၃၀ တွင် ၎င်းကို အလျင်အမြန်ထည့်သွင်းထားသောကြောင့် ယေရှု၏လူထုဓမ္မအမှုတော်လုပ်ငန်းတွင် ပထမ ဆုံးမှတ်တမ်းဖြစ်ခဲ့သည်။ လုကာ၏ ခရစ်ဝင်ကျမ်းသည် မာကုဖော်ပြသည်ထက် မှတ်တမ်းကို ပို၍ထင်ရှား စေသည်။ ထို့အပြင် ငြင်းပယ်ခြင်းအကြောင်းအရာကို အလေးပေးရန်အတွက် မှတ်တမ်းအားရှည်လျားစွာ ဖော်ပြသည်။

ခရစ်ဝင်ကျမ်းရေးသူများသည် ယေရှု၏ဓမ္မအမှုတော်အတွက် တိကျသောသက္ကရာဇ်စဉ်အလိုက် ဖော်ပြခြင်းကို ထိန်းသိမ်းထားရန် စိတ်ဝင်စားမှုနည်းပါးကြပြီး၊ ကိုယ်တော်၏သွန်သင်ချက်များနှင့် လုပ်ဆောင်မှုများတွင် နိုင်ငံတော်ကြွလာမည့်အကြောင်း ရှင်းလင်းစွာပြောဆိုခြင်းထက် ၎င်းတို့သည် နည်းပါးသည်။

## ချန်လှပ်ခြင်း

ဒုတိယအမျိုးအစားခြားနားချက်သည် ခရစ်ဝင်ကျမ်းများ၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အကြောင်းအရာများကို ချန်လှပ်ထားခြင်း ဖြစ်သည်။ ဥပမာ၊ ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းတွင် သခင် ဘုရား၏ညစာစားပွဲအကြောင်းကို မဖော်ပြထားပါ။ ဤကဲ့သို့ ချန်လှပ်မှုများကို နည်းလမ်းများစွာဖြင့် ရှင်းပြ နိုင်ပါသည်။ ၎င်းတို့သည် မတူညီသော စာရေးသူများ၏ အလေးပေးမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည်။ သို့မဟုတ် ၎င်းတို့သည် ရှေးခရစ်ဝင်ကျမ်းရေးသူများ၏ စာအုပ်များတွင် ပါရှိသည့်အပိုင်းများကို နောက်ခရစ် ဝင်ကျမ်းရေးသူသည် ထပ်၍ရေးရန်မလိုအပ်ဟု ခံစားရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ ကာမူ၊ ချန်လှပ်ခြင်းများသည် ခရစ်ဝင်ကျမ်းရေးသူများကြားတွင် သဘောထားကွဲလွဲမှုများ သို့မဟုတ် ဆန့်ကျင်မှုများကိုဆိုလိုခြင်းမဟုတ်ပါ။

လူများစွာပါဝင်သည့် စကားဝိုင်းတစ်ခုကို စဉ်းစားကြည့်ပါ။ စကားပြောသူတိုင်းသည် တစ်ဦးပြောပြီး သောအရာအားလုံးကို ထပ်၍ပြောရန် လိုအပ်သည်ဟု ခံစားမိကြလိမ့်မည် မဟုတ်ပါ။ ၎င်းအစား၊ တစ်ဦးစီ သည် ၎င်း၏ကိုယ်ပိုင်အမြင်၊ အချို့သောအသေးစိတ်အချက်များနှင့် မတူညီသောအလေးပေးမှုများဖြင့် ပေါင်းထည့်ရန် အာရုံစိုက်သည်။

သမ္မာကျမ်းစာသည် ဤအရာကို အခါအားလျော်စွာ အတိအလင်းပြုလုပ်သည်။ ဥပမာ၊ ၂ ရာဇဝင် ချုပ် ၉:၂၉ တွင်၊ အခြားစာရေးသူများသည် မှတ်တမ်းတင်ထားပြီးဖြစ်သည့် အသေးစိတ်အချက်အလက်များ ကို ချန်လှပ်ထားကြောင်း ရာဇဝင်ချုပ်သည် အတိအလင်းဖော်ပြသည်။ ၎င်းသည် ရာဇဝင်ချုပ် ၂ တွင် အနည်း ဆုံး သုံးကြိမ်တွေ့ရပြီး ၁ နှင့် ၄ ရာဇဝင်ကျမ်း စာအုပ်များတွင်လည်းတွေ့နိုင်သည်။ ထို့ကြောင့်၊ ခရစ်ဝင်ကျမ်း ရေးသူတစ်ဦးသည် အခြားသူတစ်ဦးဖော်ပြပြီးသော အရေးကြီးသောအကြောင်းအရာများကို ချန်လှပ်ထား သည်ကို တွေ့ရှိရခြင်းသည် အံ့သြစရာမဟုတ်ပါ။

## မတူညီသောဖြစ်ရပ်များ

တတိယမြောက်အဖြစ်များသော ထင်ရှားသောအခက်အခဲအမျိုးအစားတစ်ခုသည် ယေရှု၏ဓမ္မအမှု တော်တွင် ဖြစ်ပွားခဲ့သော မတူညီသောဖြစ်ရပ်များမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ၊ တစ်ခါတစ် ရံတွင် ခရစ်ဝင်ကျမ်းနှစ်စောင်သည် တူညီသောဖြစ်ရပ်ကို မတူညီသောနည်းလမ်းများဖြင့် ဖော်ပြပုံရသော် လည်း၊ ၎င်းတို့သည် အမှန်တကယ်တွင် မတူညီသောပုံစံတူဖြစ်ရပ်နှစ်ခုကို ဖော်ပြနေခြင်းဖြစ်နိုင်သည်။

ယေရှုသည် လှည့်လည်၍တရားဟောသူဖြစ်ကြောင်း သတိရရန် အရေးကြီးသည်။ ဆိုလိုသည်မှာ သူသည် တစ်နေရာမှ တစ်နေရာသို့ သွားနေသည်။ သူသည် ပုံစံတူအံ့ဖွယ်အမှုများ အများအပြားကို မတူညီ သောနေရာများတွင် ပြုလုပ်ခဲ့ပြီး၊ မျက်စိကန်းသူ သို့မဟုတ် ခြေမစွမ်းသောသူများကို ကုသပေးခဲ့သည်။ ယေရှုသည် တူညီသောမေးခွန်းများနှင့် စိန်ခေါ်မှုများစွာကို အကြိမ်ကြိမ်ဖြေကြားခဲ့သည်။

၎င်းအပြင် လူများသည် မတူညီသောအချိန်များ၌ အလားတူနည်းများဖြင့် ယေရှုကိုတုံ့ပြန်ခဲ့ကြသည်။ လုကာ ၇:၃၆-၅၀ နှင့် မာကု ၁၄:၃-၉ တွင် ယေရှု၏ဘိသိက်ခံခြင်းမှတ်တမ်းများကို သုံးသပ်ကြည့်ပါ။ လုကာ တွင်၊ ယေရှုသည် ဖာရိရှဲတစ်ဦး၏အိမ်၌ရှိနေပြီး၊ မာကုတွင်မူ နူနာရှိမုန်၏အိမ်၌ရှိတော်မူသည်။ ဤအဖြစ်အ ပျက်သည် တူညီသောဖြစ်ရပ်၏ ဆန့်ကျင်ဘက်တင်ပြချက်နှစ်ခု မဟုတ်ပါ။ ၎င်းတို့သည် မတူညီသော အဖြစ် အပျက်နှစ်ခု၏ တင်ပြချက်များဖြစ်သည်။

## မတူညီသော ဟောပြောမှုများ

စတုတ္ထမြောက် ထင်ရှားသောအခက်အခဲမှာ တူညီသောအကြောင်းအရာများပါရှိသော မတူညီသော ဟောပြောမှုများကြောင့် ဖြစ်ပေါ်လာသော ရှုပ်ထွေးမှုများဖြစ်သည်။

ဤအကြောင်း၏ အထင်ရှားဆုံး ဥပမာများထဲမှတစ်ခုသည် မဿဲ ၅:၁–၇:၂၉ တွင် ယေရှု၏တောင် ပေါ်တရားဒေသနာဖြစ်ပြီး၊ လုကာ၏ အလားတူသွန်သင်ချက် လုကာ ၆:၁၇-၄၉ ဖြစ်သည်။ မဿဲ ၅:၁ တွင်၊ ၎င်းသည် တောင်ပေါ်တစ်နေရာတွင် ဖြစ်ပျက်ခဲ့ကြောင်း ဖော်ပြသည်။ သို့သော် လုကာ ၆:၁၇ တွင်၊ ဤအရာ သည် ပြန့်ပြူးသောနေရာတစ်ခုပေါ်တွင် ဖြစ်ပျက်ခဲ့ကြောင်း ဖော်ပြသည်။

ဤပြဿနာကို ချဉ်းကပ်ရန် အနည်းဆုံး နည်းလမ်းသုံးမျိုးရှိပါသည်။ ဦးစွာ၊ မဿဲနှင့် လုကာ နှစ်ဦးစ လုံးသည် တစ်ချိန်တည်းနှင့် တစ်နေရာတည်းတွင် ဟောကြားခဲ့သည့် တူညီသောတရားဒေသနာအကြောင်း ပြောဆိုနေပေမည်။ ဂါလိလဲပင်လယ်၏ အနောက်တောင်ဘက်ခြမ်းသည် ကြမ်းတမ်းသောတောင်စောင်းများ မဟုတ်၊ ပင်လယ်မှတက်လာသော တောင်စောင်းများဖြစ်သည်။ ဤမြင့်သောဧရိယာသည် ညီညာပြန့်ပြူး သေးငယ်သော ဧရိယာများစွာလည်း ပါဝင်သောကြောင့် တူညီသောပထဝီဝင်အနေအထားကို မဿဲပြောသ ကဲ့သို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တောင်စောင်းနှင့် လုကာကဲ့သို့ ပြန့်ပြူးသောနေရာဟု ခေါ် နိုင်သည်။ ဒုတိယအချက်၊ ဤသည်မှာ မတူညီသောအချိန်အခါများတွင် ယေရှုဟောပြောခဲ့သည့် တရားဒေသနာတစ်ခုတည်းတွင် ပေါင်းစပ်ဟောပြောမှု တစ်ခုဖန်တီးခြင်းဆိုင်ရာ ရှေးအလေ့အထ၏ ဥပမာတစ်ခု ဖြစ်နိုင်သည်။ ဤသည်မှာ ရှေးသမိုင်းပညာရှင်များ အသုံးပြုသည့် နည်းပညာတစ်ခုဖြစ်ပြီး သမာဓိ သို့မဟုတ် ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍ မေးခွန်းထုတ် စရာမရှိပါ။ တတိယအချက်၊ ယေရှုသည် မတူညီသောနေ့ရက်နှစ်ခုတွင် မတူညီသောအခြေအနေနှစ်ခု၌ အလွန်ဆင်တူသော တရားဒေသနာနှစ်ခုကို တောင်စောင်းတစ်ခုနှင့် အခြားတစ်ခုကို လွင်ပြင်တစ်ခုတွင် ဟောကြားခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ယေရှု၏ဓမ္မအမှုတော်ပုံစံကြောင့် သူတို့နှင့်မရင်းနှီးသောပရိသတ် အသစ်များအတွက် ယေရှုသည် သူ၏သွန်သင်ချက်များစွာကို ထပ်ခါထပ်ခါပြုလုပ်မည်ဟု အခိုင်အမာယူဆ ရန် ကျိုးကြောင်းဆီလျော်မှုရှိသည်။

ခရစ်ဝင်ကျမ်းများပါ ကွဲပြားချက်များကို သဟဇာတဖြစ်စေနိုင်သော နည်းလမ်းအမျိုးမျိုးကို လေ့လာ ခြင်းဖြင့်၊ ယေရှု၏သက်တော်စဉ်နှင့် အမှုဆောင်ခြင်းအတွက် ၎င်းတို့၏စည်းလုံးသောသက်သေခံချက်သည် မှန်ကန်ကြောင်း စိတ်ချနိုင်ပါသည်။ အသေးစိတ်တွင်မူ ကွဲလွဲမှုများရှိနိုင်ပါသည်။ သို့သော် ဤကွဲပြားမှုတစ်ခု စီအတွက် ကျိုးကြောင်းဆီလျော်သော ရှင်းလင်းချက်များလည်း ရှိပါသည်။ ယေရှုသည် မတူညီသောအချိန် များတွင် တူညီသောအရာကို သွန်သင်ထားကြောင်း ကျွန်ုပ်တို့တွေ့ရှိသောအခါ၊ ကိုယ်တော်၏ဓမ္မအမှုတော် နှင့် သတင်းစကား၏ညီညွတ်မှုကိုတွေ့မြင်နိုင်ပြီး၊ ကိုယ်တော်၏သွန်သင်ချက်များကို ကျွန်ုပ်တို့ဘဝအသက် တာတွင်ကျင့်သုံးရန် နည်းလမ်းအမျိုးမျိုးကို ရှာဖွေနိုင်သည်။

ကျွန်ုပ်တို့သည် ကျမ်းချက်များ၌ ထင်ရှားသောအခက်အခဲများကို မေးမြန်းခြင်းဖြင့်၊ ခရစ်ဝင်ကျမ်း လေးစောင်တွင် အမျိုးစုံလင်ခြင်းကို စတင်ကြည့်ရှုခဲ့ကြသည်။ ထို့ကြောင့်၊ ဤအချိန်တွင်၊ ခရစ်ဝင်ကျမ်း လေးစောင်၏ အမျိုးစုံလင်ခြင်းတို့ကို ၎င်းတို့၏ထူးခြားသောအလေးပေးချက်များကို လေ့လာခြင်းဖြင့် ဆက်လက်လေ့လာရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

## ထူးခြားသော အလေးပေးမှုများ

ခရစ်ဝင်ကျမ်းတစ်ခုစီတိုင်းသည် ယေရှု၏သက်တော်စဉ်နှင့် ဓမ္မအမှုတော်နှင့်ပတ်သက်၍ ကိုယ်ပိုင် ရှုထောင့်နှင့် အလေးထားမှုများကို ယူလာသည့် ထူးခြားသောစာရေးသူတစ်ဦးမှ ရေးသားခဲ့ခြင်းဖြစ်သော ကြောင့်၊ ခရစ်ဝင်ကျမ်းလေးစောင်တို့တွင် ကွဲပြားမှုများရှိပါသည်။ ခရစ်ဝင်ကျမ်းလေးစောင်တစ်ခုစီကို သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းထားကြောင်း ကျွန်ုပ်တို့သိရှိထားပြီး၊ မှတ်တမ်းတစ်ခုစီသည် အမှားကင်း ခြင်းဖြင့် အခြားသူများနှင့်ဆန့်ကျင်ဘက်မဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ သို့သော် ကွဲပြားမှုမရှိဟု မဆိုလိုပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် လူသားစာရေးသူများ၏ ကိုယ်ရည်ကိုယ်သွေးများ၊ စိတ်ဝင်စားမှု များနှင့် သာသနာအခြေအနေများကို အသုံးပြု၍ ထိုကွဲပြားမှုများကို ပုံသွင်းခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့ သည် သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့ကို ကောင်းချီးပေးလိုသော နည်းလမ်းအားလုံးဖြင့် ကောင်းချီး မင်္ဂလာခံယူရရှိလိုပါက၊ ခရစ်ဝင်ကျမ်းများကို ကျွန်ုပ်တို့ဖတ်ရှုသောအခါတွင် ၎င်းတို့၏ထူးခြားသောချဉ်းကပ် မှုများကို ထည့်သွင်းစဉ်းစားရပါမည်။

ဘဝ၏အခြေအနေများစွာတွင်၊ မတူညီသောလူများသည် တူညီသောသမ္မာတရားအကြောင်းကို မတူ ညီသောနည်းလမ်းများဖြင့် ပြောဆိုကြသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ကလေးကစားနည်းများကို ကြည့်ဖူး သူတိုင်းသည် ပွဲတစ်ခုတွင် လိုက်ဖက်သောအဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိနိုင်သည်ကို သိသည်။ ကလေးတစ်ဦးစီ သည် ၎င်းတို့ကစားသည့်ဂိမ်းများနှင့် ပတ်သက်၍ ၎င်း၏ကိုယ်ပိုင်အမြင်ရှိသည်။ ဂိမ်းများအကြောင်း သူတို့ တစ်ဦးချင်း ပြောသည်ကို နားထောင်ရုံနှင့် အမှန်တကယ်ဖြစ်ပျက်ခဲ့သည်များကို ပုံဖော်နိုင်မည်ဖြစ်သည်။ အရုပ်များ၏အရောင်များကို စိတ်အားထက်သန်သူဖြစ်နိုင်သည်။ နောက်တစ်ဦးသည် သူတို့ပြုလုပ်ထားသည့် အသံများကို ဖော်ပြရန်ပိုစိတ်ဝင်စားနိုင်သည်။ နောက်တစ်ဦးသည် စိတ်လှုပ်ရှားစွာ ပြေးရင်း သတင်းပို့နိုင် သည်။ ဤသို့ မတူညီသောအမြင်များသည် တစ်ခုနှင့်တစ်ခု မဆန့်ကျင်ပါ။ သို့သော် ကလေးတစ်ဦးစီသည် ဂိမ်းများ၏ အစိတ်အပိုင်းအချို့ကို အခြားအစိတ်အပိုင်းများထက် ပိုမိုစိတ်ဝင်စားသည်ကို ၎င်းတို့သည် ဖော် ပြသည်။

အလားတူပင်၊ ခရစ်ဝင်ကျမ်းရေးသူတိုင်း၏ ကိုယ်ပိုင်စိတ်ဝင်စားမှုနှင့် အလေးထားမှုများကို သူ၏ ခရစ်ဝင်ကျမ်းမှတ်တမ်းတွင် ထင်ရှားသည်။ မည်သည့် မှတ်တမ်းနှစ်ခုမှ အတိအကျတူညီနေခြင်းမရှိပါ။ ဓမ္မသစ်ခရစ်ဝင်ကျမ်းမှတ်တမ်းများအားလုံးသည် တူညီသောယေရှုကို ဖော်ပြသော်လည်း၊ ၎င်းတို့သည် သူ့အကြောင်းကို ကွဲပြားသောနည်းလမ်းများဖြင့် ပြောဆိုကြပြီး၊ သူ၏ဓမ္မအမှုတော်အား မတူညီသော ရှုထောင့်များဖြင့် မီးမောင်းထိုးပြကြသည်။

> ကျွန်ုပ်တို့တွင် ခရစ်ဝင်ကျမ်းလေးစောင်ရှိသော်လည်း ယေရှုတစ်ပါးသာရှိသည်။ ၎င်းကို မည်သို့ပြသင့်သနည်း။ ပထမအချက်၊ ယေရှုသည် ပုံစံတစ်ခုတည်းအောက် တွင် ထည့်သွင်းရန် အလွန်ရှုပ်ထွေးလွန်းသော သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်ကြောင်း အသိ အမှတ်ပြုသည့် ကနဦးခရစ်ယာန်များ၏ ဉာဏ်ပညာဖြစ်သည်။ ခရစ်ဝင်ကျမ်းများ သည် ပုံစံတူများဖြစ်သောကြောင့် ခရစ်ဝင်ကျမ်းလေးစောင်လုံးတွင် ယေရှုအား အသိအမှတ်ပြုသော်လည်း၊ တစ်ချိန်တည်းမှာပင်၊ သူတို့သည် အဖြစ်အပျက်များကို ရှုထောင့်အမျိုးမျိုးဖြင့် ယေရှု၏စရိုက်အဖြစ်သို့ ယူဆောင်လာကြသည်။ သင့်အား ဥပမာတစ်ခုပေးပါမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် အခြေခံအားဖြင့် ပုံဥပမာ များမရှိ၊ နတ်ဆိုးနှင်ထုတ်ခြင်းမရှိပါ။ မာကုခရစ်ဝင်ကျမ်းတွင်၊ ယေရှုသည် ပုံဥပမာ များဖြင့် ထူးခြားသည့်သွင်ပြင်လက္ခဏာရှိပြီး၊ မာကုခရစ်ဝင်ကျမ်း၏အစောပိုင်းတွင် မကြာခဏဆိုသလို အံ့ဖွယ်အမှုသည် နတ်ဆိုးနှင်ထုတ်ခြင်းဖြစ်သည်။ ဤပုံစံတူများ သည် ကွဲပြားသော်လည်း သခင်ယေရှုသည် အတူတူပင်ဖြစ်ကြောင်း ထင်ရှားသည်။ ထို့ပြင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရစ်ဝင်ကျမ်းရေးသူတိုင်းသည် ယေရှုနှင့်ပတ်သက်သည့် အမြင်အနည်းငယ် ကွဲပြားသည်။ တစ်စုံတစ်ယောက်သည် ခရစ်တော်ကို ခရစ်တော်ဟုထင်ကာ အခြား သူတစ်ဦးမှ သူမဟုတ်ဟု ထင်သောသဘောဖြင့် မဟုတ်ပါ။ ယေရှုသည် ဂျူးလူမျိုး မေရှိယဖြစ်ပြီး တစ်ချိန်တည်းမှာပင် ကမ္ဘာကြီး၏ကယ်တင်ရှင်ဖြစ်ကြောင်း မည်သို့ ဖော်ပြရမည်နှင့်ပတ်သက်ပြီး သူတို့၌ မတူညီသောအလေးပေးမှုများ ရှိကြသည်။ ထို့ကြောင့်၊ သူတို့သည် လွတ်လပ်မှုခံစားရပြီး၊ ယေရှု၏ဓမ္မအမှုတော်၏ မတူညီသော ရှုထောင့်များ၊ မတူညီသောအပိုင်းများနှင့် မေးခွန်းကိုဘောင်သွင်းခြင်းနှင့် အဖြေပေး ခြင်းနည်းလမ်းအမျိုးမျိုးကို အလေးပေးဖော်ပြရန် မှတ်သွင်းခြင်းအောက်တွင် လွတ်လပ်မှုရှိကြသည်။
>
> **ဒေါက်တာ Ben Witherington III**

ခရစ်ဝင်ကျမ်းများ၏ ထူးခြားသောဝိသေသလက္ခဏာများနှင့် အကြောင်းအရာများစွာရှိသည်။ သို့သော် ဤမိတ်ဆက်သင်ခန်းစာတွင်၊ ခရစ်ဝင်ကျမ်းတစ်ခုစီသည် မေးခွန်းနှစ်ခုကိုဖြေဆိုပုံနှင့်ပတ်သက်၍ အာရုံစိုက်ပါမည်။ "ယေရှုသည် မည်သူနည်း"နှင့် "ကျွန်ုပ်တို့သည် ယေရှုနောက်သို့ မည်သို့လိုက်ကြမည် နည်း။" ဤအရေးကြီးသောမေးခွန်းများကို မဿဲ၏ဖြေကြားခြင်းဖြင့် စတင်ကြည့်ကြပါစို့။

## မဿဲတွင် ယေရှုသည် မည်သူနည်း။

ခရစ်ဝင်ကျမ်းရေးသူအားလုံးတွင်၊ မဿဲသည် ယေရှုသည် ဓမ္မဟောင်းကျမ်းတွင် ကြိုတင်မိန့်ထား သည့် ဣသရေလ၏ မေရှိယဘုရင်ဖြစ်ကြောင်း ဖော်ညွှန်းရန် အလေးထားဆုံးသောသူဖြစ်သည်။

မဿဲဖော်ပြသည့်နေရာအချို့တွင် ယေရှု၏ဘုရင်ဖြစ်ခြင်း ပါဝင်သည်_၂:၂ မာဂုပညာရှိများမေးသည် မှာ "ယခု ဖွားမြင်သောယုဒရှင်ဘုရင်သည်၊ အဘယ်မှာရှိတော်မူသနည်း။" ၇:၂၁-၂၃ သခင်ယေရှုသည် "သခင်" ဟုခေါ်ဆိုသူအားလုံး ကောင်းကင်နိုင်ငံတော်သို့ ဝင်ရမည်မဟုတ်ကြောင်း မိန့်တော်မူခဲ့သည်။ ၂၀:၂၀-၂၈ တမန်တော် ယာကုပ်နှင့် ယောဟန်တို့၏မိခင်သည် သူ၏သားများကို နိုင်ငံတော်တွင် ယေရှုနှင့်အတူ အခွင့် ထူးခံနေရာတစ်ခုပေးရန် တောင်းဆိုသောအခါ၊ ၂၅:၃၁-၄၆ နောက်ဆုံးနေ့တွင် ဘုရင်အဖြစ် တရားစီရင်ခြင်း အကြောင်း ယေရှုသည် ပုံဥပမာတစ်ခုကို မိန့်ခဲ့သည်။ ၂၇:၃၇ တွင် ရောမစစ်သားများသည် "ဤသူသည် ယုဒ ရှင်ဘုရင် ယေရှုဖြစ်သည်" ဟုရေးထားသော ယေရှု၏ဦးခေါင်းထက်လက်ဝါးကပ်တိုင်တွင် သရော်စာတစ်ခု တင်ထားကြောင်း မဿဲမှတ်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏မေရှိယဘုရင်သည် ဘုရားသခင်၏ မေရှိယနိုင်ငံတော်ကို ကမ္ဘာမြေကြီးဆီသို့ ယူဆောင်လာမည့်အကြောင်းမျှော်လင့်ထားသည်။ ဣသရေလလူမျိုးကိုကျွန်ဘဝ ရန်သူလက်မှ ကယ်နှုတ်တော် မူမည်။ ငြိမ်သက်ခြင်းချမ်းသာကို တည်စေ၍ ဖြောင့်မတ်စွာ အုပ်စိုးတော်မူမည်။ ယေရှုသည် ဤအမှုအလုံးစုံ တို့ကို ပြုတော်မူသော်လည်း၊ ယုဒလူတို့ မျှော်လင့်သည့်အတိုင်း ပြုတော်မမူပါ။ မဿဲ ၅:၁၇ တွင် ယေရှု၏ စကားများကိုနားထောင်ပါ_

> ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည် (မဿဲ ၅:၁၇)။

သူ၏ဓမ္မအမှုတော်အား မျက်မြင်တွေ့ခဲ့သော ဂျူးများစွာသည် ဘုရားသခင်၏ပညတ္တိကျမ်းကို ဖျက်ဆီးပြီး ဓမ္မဟောင်း၏ကတိတော်များကို ဖြည့်ဆည်းရန် ပျက်ကွက်နေသည်ဟု သူ့အပေါ်ယူဆကြကြောင်း ယေရှု နားလည်ခဲ့သည်။ ထို့ကြောင့် သူသည် ပညတ်တရားနှင့် ပရောဖက်ပြုချက်များကို ပြည့်စုံစေကြောင်း ရှင်းလင်း ပြတ်သားစွာ မိန့်ဆိုခဲ့သည်။

ဤကျမ်းပိုဒ်တွင်သာမက၊ ယေရှုသည် ဓမ္မဟောင်းကျမ်းစာ၏ ရှုထောင့်တစ်ခု သို့မဟုတ် အခြားတစ်ခုကို ဖြည့်ဆည်းပေးခဲ့ကြောင်း မဿဲသည် အခါအားလျော်စွာ ဖော်ပြခဲ့ပြီး၊ ယေရှုသည် ဣသရေလ၏ မေရှိယဘုရင်အမှန်ဖြစ်ကြောင်း သက်သေပြခဲ့သည်။

ထို့ကြောင့် မဿဲအရ၊ ကျွန်ုပ်တို့သည် ယေရှုနောက်သို့ မည်သို့လိုက်ကြမည်နည်း။ သခင်ယေရှုသည် ဘုရားသခင်၏ တရားတော်ကို အပြည့်အဝ စောင့်ရှောက်ခဲ့သော်လည်း၊ ထိုအရာသာ သူလုပ်ဆောင်ခဲ့ခြင်း မဟုတ်။ ပညတ်တရားပြင်ပ တောင်းဆိုချက်များကို စောင့်ထိန်းရုံဖြင့် မလုံလောက်ကြောင်း မိန့်တော်မူသည်။ ဘုရားသခင်သည် သူ၏နိုင်ငံသူနိုင်ငံသားများကို စိတ်နှလုံးထဲမှသူ့အားနာခံရန် အမြဲတောင်းဆိုခဲ့သည်။ ဧဝံဂေလိတရား၏သတင်းကောင်းသည် နိုင်ငံတော်သည် ကြွလာခဲ့ပြီး၊ ဘုရားသခင်၏လူတို့ထံ ခွင့်လွှတ်ခြင်း နှင့် ကယ်တင်ခြင်းတို့ကို ယူဆောင်လာပြီး၊ ကျွန်ုပ်တို့အား နာခံမှုရှိသော နှလုံးသားအသစ်များ ပေးခြင်းဖြစ် သည်။ ကျွန်ုပ်တို့၏ပြောင်းလဲသောစိတ်နှလုံးများသည် မေတ္တာပါသော၊ ကျေးဇူးတင်သော၊ ဝမ်းမြောက်သော နာခံမှုဖြင့် ယေရှုနောက်သို့လိုက်ရန် ခွန်အားနှင့် လှုံ့ဆော်မှုကိုပေးသည်။

> နှလုံးသားမှ ဘုရားသခင်အား နာခံခြင်းအကြောင်း ကျွန်ုပ်တို့ပြောသောအခါ၊ စိတ်နှ လုံးသည် အမှန်တကယ်ပင် အလုံးစုံနှင့်သက်ဆိုင်သောအသုံးအနှုန်းဖြစ်သည်။ ၎င်း သည် ဦးခေါင်းမှ စိတ်နှလုံးမှ လက်အဆုံး ဖြစ်ကြောင်းကို ကျွန်ုပ်၏လူများကိုသင်ပေး ပါသည်။ ၎င်းသည် ကျွန်ုပ်တို့သည် သူ့ကို မည်သို့နာခံရန်လိုအပ်ကြောင်းနှင့် သူ့ကို မည်သို့ချစ်ရန်လိုကြောင်း ဖြစ်သည်။ ဦးခေါင်းသည် စိတ်ကူးစိတ်သန်း၏နေရာ၊ စိတ် နှလုံး၏ပလ္လင်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့

> ချစ်သင့် သည်။ ကျွန်ုပ်တို့၏ချစ်ခြင်းအားလုံးဖြင့် ဘုရားသခင်ကို ချစ်ရမည်။ ကျွန်ုပ်တို့၏ လက်ခြေအားလုံးဖြင့် ဘုရားသခင်ကို ချစ်ရမည်။ ထို့ကြောင့် စိတ်နှလုံးသည် ရင်ဘတ်ထဲမှ ခုန်နေသည့်တစ်စုံတစ်ခုကို မဆိုလိုပါ။ ၎င်းသည် အလုံးစုံအကျုံးဝင် သော အသုံးအနှုန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အပြင် ပန်းအားဖြင့် ချစ်သလော။ အမှန်တကယ် ကျွန်ုပ်တို့ချစ်ပါသည်။ သို့သော် ၎င်းသည် ဘုရားသခင်ကိုချစ်သော ကျွန်ုပ်တို့၏ချစ်ခြင်းများကြောင့်လည်းဖြစ်သည်။ ကျွန်ုပ်တို့ သည် အရာအားလုံးဖြင့် ဘုရားသခင်ကို ချစ်ကြပြီး၊ "စိတ်နှလုံး" ဟူသော စကားလုံး သည် အရာအားလုံးအတွက် မှန်ကန်သည်ဟု ယုံကြည်ပါသည်။
>
> **ဒေါက်တာ Matt Friedeman**

မဿဲ၏ခရစ်ဝင်ကျမ်းသည် ကျွန်ုပ်တို့၏မေးခွန်းနှစ်ခုကို မည်သို့ဖြေဆိုသည်ကို တွေ့မြင်ရပြီဖြစ်၍၊ မာကုပြောသောအရာကို ဆက်လေ့လာကြပါစို့။

## မာကုတွင် ယေရှုသည် မည်သူနည်း။

ပထမဦးစွာ၊ မာကု၏အဆိုအရ ယေရှုသည် မည်သူနည်း။ မာကုသည် သူ၏မှတ်တမ်းတစ်လျှောက် လုံးတွင်၊ ယေရှုသည် ဘုရားသခင်၏လူမျိုး၏ရန်သူများကို အနိုင်ယူခဲ့သော ဆင်းရဲဒုက္ခခံရသောဘုရားသခင် ၏သားတော်ဖြစ်ကြောင်း အလေးပေးဖော်ပြသည်။ မာကုသည် မကောင်းမှု၏အင်အားများအပေါ် တန်ခိုးကို ပြသသည့်ယေရှု၏အံ့ဖွယ်အမှုများ၏ သာဓကများစွာကို မှတ်တမ်းတင်ခဲ့သည်။ မာကုသည် မဿဲနှင့် လုကာ တို့၏ ခရစ်ဝင်ကျမ်းများထက် အလွန်တိုသော်လည်း၊ အံ့ဖွယ်အမြောက်အမြားကို မှတ်တမ်းတင်ထားသည်—တစ်ဆယ့်ရှစ်ခုရှိသည်။

မာကု၏ခရစ်ဝင်ကျမ်း၏အစကတည်းကပင် ယေရှုသည် အောင်ပွဲခံသူနှင့် ဆင်းရဲဒုက္ခခံသောဘုရား သခင်၏သားတော်ဖြစ်ကြောင်း တွေ့မြင်ရသည်။ ပထမအခန်းကြီးတစ်ခုတည်းတွင်၊ နှစ်ခြင်းဆရာယောဟန် သည် ယေရှုကြွလာမည်ဟု ပရောဖက်ပြုခဲ့ပြီး၊ ထို့နောက် ယေရှုသည် သူ၏လူထုဓမ္မအမှုတော်လုပ်ငန်း စတင်ခဲ့သည်။ သူသည် နှစ်ခြင်းခံပြီးနောက်၊ တောအရပ်တွင် စုံစမ်းနှောင့်ယှက်ခံရကာ၊ သူ၏ပထမတပည့် တော်များကို ခေါ်ကာ၊ နတ်ဆိုးများကို နှင်ထုတ်ခြင်း၊ လူများစွာကို အနာရောဂါအမျိုးမျိုးမှ ကုသပေးခြင်းများ ပြုခဲ့သည်။ ယေရှုသည် ဘုရားသခင့်နိုင်ငံတော်၏ရန်သူများကို အစွမ်းထက်စွာအောင်ပွဲခံခဲ့ကြောင်း ဤတရ စပ်ဖတ်လမ်းကို အပေါ်ယံဖတ်ရှုခြင်းကပင် ဖော်ပြသည်။ မာကုသည် ယေရှုအားဓမ္မအမှုတော်စတင်ချိန်မှစ၍ ဆင်းရဲဒုက္ခခံရသောဘုရားသခင်၏သားတော်အဖြစ် သရုပ်ဖော်ခဲ့ကြောင်း မာကုအား အနီးကပ်ဖတ်ရှုခြင်း သည် ဖော်ပြပါသည်။ ဥပမာ၊ မာကု ၁:၁၂-၁၃ တွင် ယေရှု၏နှစ်ခြင်းခံပြီးနောက် ဤမှတ်တမ်းကိုဖတ်ရသည်–

> ထိုခဏခြင်းတွင် ဝိညာဉ်တော်သည် ယေရှုကိုတောသို့သွားစေတော်မူ၏။ အရက်လေးဆယ်ပတ်လုံးထိုတော၌ နေ၍ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ သားရဲ တို့နှင့်အတူ ရှိတော်မူ၏။ ကောင်းကင်တမန်တို့သည်လည်း လုပ်ကျွေးကြ၏ (မာကု ၁:၁၂-၁၃)။

ယေရှုသည် သူ၏လူထုဓမ္မအမှုတော်စတင်ချိန်မှစ၍ စာတန်၏တိုက်ခိုက်မှုကို ခံခဲ့ရသည်။ နှိပ်စက် ညှဥ်းပန်းခြင်းနှင့် ငြင်းပယ်ခြင်းကို ယေရှုသည်ခံရပ်ခဲ့ရသောကြောင့် မာကု၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး တွင် ယေရှု၏ဤဆင်းရဲဒုက္ခခံကျွန်အဖြစ်သည် ဆက်လက်ကြီးထွားလာသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခကိုအောင်နိုင်သူ ယေရှုနောက်သို့ လိုက်သင့်သည်ဟု မာကု မည်သို့ပြောသနည်း။ တစ်ဖက်တွင်၊ မာကု၏ခရစ်ဝင်ကျမ်းသည် ခရစ်ယာန်အသက်တာကို အပေါ်ယံသသော ပြောထားခြင်းမရှိပါ။ တပည့်တော်ဖြစ်ခြင်းသည် အမှားများပြုလုပ်ခြင်းနှင့် ကျရှုံးခြင်းများရှိသည့်၊ ခက်ခဲပြီး မကြာခဏ စိတ်ပျက်စရာကောင်းသောဖြစ်စဉ်တစ်ခုအဖြစ် မာကုဖော်ပြခဲ့သည်။ အမှန်တကယ်တွင်၊ မာကု ၏ခရစ်ဝင်ကျမ်း၏ထူးခြားသောလက္ခဏာမှာ ယေရှု၏တပည့်တော်များသည် ကိုယ်တော်အား နားမလည် ခြင်း သို့မဟုတ် ယုံကြည်ခြင်း၌တုံ့ပြန်ရန် မကြာခဏ ပျက်ကွက်ခြင်းပင်ဖြစ်သည်။ မာကု ၄:၄၀ တွင် တပည့် တော်များ ယုံကြည်ခြင်းရှိမရှိကို ယေရှု သိချင်ခဲ့သည်၊ ၆:၅၂ တွင် တပည့်တော်များ၏ "စိတ်နှလုံးမိုက်"ကြ သည်။ ၇:၁၈ တွင် ယေရှုသည် တပည့်တော်များအား ကိုယ်တော်၏သွန်သင်ချက်များကို နားမလည်သော ကြောင့် "ပညာမဲ့" သည်ဟု စွပ်စွဲခဲ့သည်။ ၉:၁၈ တပည့်တော်တို့သည် နတ်ဆိုးကိုမနှင်ထုတ်နိုင်ကြ။ ၉:၃၈-၄၁ ၌တပည့်တော်တို့သည် နတ်ဆိုးနှင်ထုတ်သူကို မသိသောကြောင့် မှားယွင်းစွာ ဟန့်တားရန်ကြိုးပမ်းခဲ့ကြ သည်။ အခန်းကြီး ၁၄ တွင် တပည့်တော်တစ်ဦးသည် ယေရှုအား အာဏာပိုင်များထံ အပ်နှံခဲ့ပြီး၊ အခြားတစ် ဦးသည် ယေရှုနှင့်ရင်းနှီးမှုများအားလုံးကို ငြင်းဆိုခဲ့ပြီး ကျန်သောသူများသည် ကိုယ်တော်ကို စွန့်ကြသည်။

မာကု၏ခရစ်ဝင်ကျမ်း၏ ဤအလေးပေးဖော်ပြချက်သည် ယေရှုနောက်လိုက်ခြင်းနှင့်ပတ်သက်သော အနည်းဆုံးအချက်နှစ်ချက်ကိုသွန်သင်ပေးသည်။ ပထမ၊ တပည့်တော်များကဲ့သို့ပင် ကျွန်ုပ်တို့သည် ယေရှုကို အမြဲနားလည်မည်မဟုတ်ပါ။ အမှန်တကယ်၊ သမ္မာကျမ်းစာပါ အကြောင်းအရာများစွာကို ကျွန်ုပ်တို့ နားလည် မှုလွဲဖွယ်ရှိသည်။ ထို့ကြောင့် သင်ယူစရာများစွာရှိကြောင်းကိုသိနိုင်သည်ထိ ကျွန်ုပ်တို့နှိမ့်ချမှုရှိရန် လိုအပ် သည်။ ၎င်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် သမ္မာကျမ်းစာသွန်သင်ချက် ကို လက်ခံရန်နှင့် ကျွန်ုပ်တို့အတွက် ထူးဆန်းသည် သို့မဟုတ် မှားသည်ဟု ထင်ရသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှန်ကန်ကြောင်းကိုသိထားရန် လိုအပ်သည်။

ဒုတိယ၊ အခက်အခဲများနှင့် ဆင်းရဲဒုက္ခများသည် ခရစ်ယာန်များအတွက်လွဲရှောင်၍မရပါ။ ကိုယ် တော်၏နောက်လိုက်ခြင်းမှ လွဲသွားစေမည့် အန္တရာယ်များ၊ သွေးဆောင်မှုများစွာ ရှိသည်။

မာကု ၈း၃၄-၃၅ တွင် ယေရှု ပြောထားခဲ့သည်ကို နားထောင်ကြည့်ပါ_

> အကြင်သူသည် ငါ၌ဆည်းကပ် ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည် အသက် ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း အသက် ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည် (မာကု ၈း၃၄-၃၅)။

ကိုယ်တော်အပေါ် ကျွန်ုပ်တို့၏ဆက်ကပ်ခြင်း၌ သစ္စာရှိရန် လိုအပ်ကြောင်း ယေရှုသွန်သင်ခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခံစားခဲ့ရသည့်အတိုင်း ဆင်းရဲဒုက္ခခံရန်၊ စုံစမ်းနှောင့်ယှက်ခြင်းနှင့် ဝိညာဉ်ရေး တိုက်ခိုက်မှုများကို ခံရပ်နိုင်ရန် လိုချင်သောစိတ် ရှိရမည်ဖြစ်သည်။ သို့သော် ဤကျမ်းပိုဒ်၌ အခြားအရာ တစ်ခုကို သတိပြုပါ။ ယေရှုသည် ဆင်းရဲဒုက္ခခံရသော ဘုရားသခင်၏သားတော်သာမက၊ အောင်နိုင်တော်မူ သော ဘုရားသခင်၏သားတော်လည်း ဖြစ်တော်မူသည်။ စင်စစ်အားဖြင့် သူ၏ဆင်းရဲဒုက္ခသေခြင်းတရားဖြင့် အောင်နိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်အတွက် ဆင်းရဲဒုက္ခခံခြင်း၌ သစ္စာရှိစွာကိုယ်တော်နောက်လိုက် လျှောက်လျှင်၊ ထာဝရအသက်ကို ချီးမြှင့်ခံရလိမ့်မည် ဖြစ်သည်။

> ဆင်းရဲဒုက္ခသည် အမှန်တကယ်အရေးကြီးသောအရာကို အာရုံစူးစိုက်ခြင်းအပေါ် သက်ရောက်မှုရှိသည်— နာကျင်စေသောကြောင့်—ဤအရာများသည် အားလုံး မဟုတ်သေးကြောင်း နားလည်သဘောပေါက်စေသည်။ ကျွန်ုပ်အတွက် အသက်ရှင် နေရသည့် နောက်ထပ်အရာတစ်ခုရှိသေးသည်၊ ၎င်းအလယ်တွင် ဘုရားသခင်ကို ကျွန်ုပ်ယုံကြည်ဆဲဖြစ်သည်။ အကြောင်းမှာ ခရစ်တော်၌ ကျွန်ုပ်ရှိသောအရာများ၏ အမှန်တရားသည် ကျွန်ုပ်၏နှစ်သိမ့်မှု၊ ကျွန်ုပ်၏ဘေးကင်းလုံခြုံမှု၊ ပျော်ရွှင်မှုနှင့် ဂရုစိုက်မှုတို့ထက် သာလွန်ကြောင်း ကျွန်ုပ်သိသောကြောင့်ဖြစ်သည်။

**ဒေါက်တာ John E. McKinley**

> ယေရှုသည် ဆင်းရဲဒုက္ခခံကျွန်အဖြစ် ကြွလာခဲ့သည်။ ခရစ်တော်နောက်လိုက်မည့်သူ တိုင်းသည် ၎င်းတို့၏ဘဝတွင် သိသာထင်ရှားသောဆင်းရဲဒုက္ခများအတွက် နေရာ တစ်နေရာရှိရန် လိုအပ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခများနှင့် ပြည့် နှက်နေသောဤလောကသို့ ရောက်ရှိလာသောအခါ၌ သခင်ယေရှုမည်သူဖြစ်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ဓမ္မအမှုတော်တွင် ပါဝင်ရ မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ဘဝတွင် ဆင်းရဲဒုက္ခများအတွက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နေရာတစ်ခုရှိရန် လိုအပ် ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဆင်းရဲဒုက္ခသာမက အခြားသူများ၏ ဝေဒနာကိုပါ ခံစားပေးခြင်းဖြင့်၊ အမှန်တကယ် ဝမ်းနည်းပူဆွေးကြသူများနှင့် အတူပူဆွေးပြီး၊ ၎င်းတို့၏ ဆင်းရဲဒုက္ခများကို ကျွန်ုပ်တို့၏ဘဝထဲသို့ ဖိတ်ခေါ်ကာ ထိုအကြောင်းအရာ ၏တစ်စိတ်တစ်ပိုင်းအဖြစ် ထိုအခြေအနေတွင် သာသနာပြုကြသည်။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ အမျိုးအစားတစ်ခုဖြင့် ဤလောကထဲသို့ ဝင်ရောက်သောအခါတွင် ၎င်းသည် ကျွန်ုပ်တို့အား ခရစ်တော်နောက်လိုက်သကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့အား အမှုတော်ထမ်းဆောင်စေလိုသော အဓိကနည်းလမ်း များထဲမှ တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသ ခင်၏နှလုံးသားကို စတင်နားလည်လာပါသည်။ ထို့နောက် ဘုရားသခင်သည် ကျွန်ုပ် တို့အား သန့်ရှင်းပေးသည်။ ဤဆင်းရဲဒုက္ခသည် စရိုက်ကို ဖြစ်ပေါ်စေသည်၊ မျှော်လင့် ချက်ကို ဖြစ်ပေါ်စေသည်၊ ဖွဲလုံ့လကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့်၊ ဘုရားသခင် သည်ကျွန်ုပ်တို့၏အသက်တာတွင် ဆင်းရဲဒုက္ခများအလယ်၌ အခြားနည်းလမ်းများ ထက် သန့်စင်စေသောနည်းလမ်းများဖြင့် လုပ်ဆောင်နေကြောင်း တွေ့မြင်နိုင်မည် ဖြစ်သည်။

**ဒေါက်တာ K. Erik Thoennes**

မသဲနှင့်မာကုကို စိတ်တွင်မှတ်သားထားခြင်းဖြင့်၊ ယေရှုနှင့် သူ၏နောက်လိုက်များနှင့်ပတ်သက် သည့် မေးခွန်းများကို လုကာ မည်သို့ဖြေဆိုသည်ကို သုံးသပ်ကြည့်ကြပါစို့။

## လုကာတွင် ယေရှုသည် မည်သူနည်း။

လုကာ၏ခရစ်ဝင်ကျမ်းသည် ယေရှုသည် လောက၏ သနားကြင်နာသော ကယ်တင်ရှင်ဖြစ်ကြောင်း ကြေငြာခြင်းဖြင့် "ယေရှုသည် မည်သူနည်း" ဟူသည့်မေးခွန်းကို ဖြေကြားပေးသည်။ ယေရှုသည် ဘုရားသ ခင်၏ ကယ်တင်ခြင်းတရားကို ချမ်းသာသူများနှင့် ဆင်းရဲသူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူအများ ၏အပယ်ခံများထံ ယူဆောင်လာခဲ့သည်။ ယေရှု၏သတင်းကောင်းသည် လူတိုင်းအတွက်ဖြစ်သည်—သတိမ ပြုမိသူများနှင့် မထီမဲ့မြင်ပြုသူများအတွက်ပင် ဖြစ်သည်။ လုကာသည် ၎င်းကို ပုံစံအမျိုးမျိုးနှင့် အလေးပေး ဖော်ပြခဲ့သည်။ ယောကျ်ားများစွာသည် အမျိုးသမီးများကို ယုတ်ညံ့သည်ဟု ယူမှတ်သည့်အချိန်၌ မာရိနှင့် မာသ ညီအစ်မတို့ကို ယေရှုချီးမြှောက်ခဲ့သည်။ လုကာသည် အမျိုးသမီးများ၊ ဖျားနာသူများ၊ ချို့တဲ့သူများနှင့် ဂျူးမဟုတ်သူများပင် ချီးမွမ်းခြင်းနှင့် အတုယူထိုက်သူများအဖြစ် ပုံဥပမာများနှင့် ဇာတ်လမ်းများကို လုကာ မှတ်တမ်းတင်ခဲ့သည်။ ဗိမာန်တော်၌ သူမ၏အနည်းငယ်သော အသက်မွေးလောက်သောအရာကို ပေးလှူခဲ့ သည့်မုဆိုးမကို ယေရှု ချီးမွမ်းခဲ့သည်။ လုကာသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာဖတ်သူများအားလုံးအတွက် စံနမူနာပြအဖြစ်၊ ယေရှု အားတုံ့ပြန်သည့် မထီမဲ့မြင်ပြုတတ်သောအခွန်ခံ ဇက္ခဲ၏မှတ်တမ်းကိုဖော်ပြသည်။ အခါအားလျော်စွာ၊ လုကာသည် လူ့အဖွဲ့အစည်း၏ ငြင်းပယ်ခံရသူ သို့မဟုတ် လျစ်လျူရှုထားသူများအတွက် ယေရှု၏အလေး ထားမှုကို မှတ်တမ်းတင်ခဲ့သည်။ ဥပမာတစ်ခုအနေနှင့်၊ လုကာ ၇:၁၂-၁၆ မှ ဤမှတ်တမ်းကို နားထောင်ပါ_

> [ယေရှု] မြို့တံခါးအနီးသို့ရောက်သောအခါ၊ မုတ်ဆိုးမ၌ တယောက်တည်းသော သားအသေလောင်းကို သင်္ချိုဟ်ခြင်းငှါ ထုတ်သွား၍၊ မြို့သူမြို့သားများတို့သည် လိုက်ကြ၏။ သခင်ဘုရားသည် ထိုမိန်းမကိုမြင်လျှင် သနားခြင်းစိတ်တော်ရှိ၍၊ မငိုနှင့်ဟု မိန့်တော်မူလျှက် ကိုယ်တော်ကလည်း၊ အချင်းလုလင်၊ ထလော့၊ သင့်အား ငါအမိန့်ရှိသည်ဟု မိန့်တော်မူလျှင်၊ သေသောသူသည် ထိုင်၍စကားပြော၏၊ ကိုယ်တော်သည်လည်း ထိုသူကိုမိခင်အား အပ်ပေးတော်မူ၏။ လူအပေါင်းတို့သည် ကြောင့်ရွံ့ခြင်း သို့ရောက်၍၊ ကြီးစွာသောပရောဖက်သည် ငါတို့တွင်ပေါ်ထွန်းပြီ။ ဘုရားသခင်သည် မိမိလူမျိုးကို အကြည့်အရှု ကြွတော်မူပြီ ဟူ၍ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြ၏ (လုကာ ၇:၁၂-၁၆)။

ပထမရာစုရောမခေတ်ကာလတွင် သားဆုံးရှုံးသွားသော မုဆိုးမတစ်ဦးသည် ထောက်ပံ့မှုအနည်းငယ် သာရရှိပြီး၊ အလုပ်ရှာရန် အခွင့်အလမ်းနည်းပါးသည်။ သူမအပေါ် ယေရှု၏သနားကြင်နာမှုကို အလေးပေး ခြင်းဖြင့်၊ ကယ်တင်ရှင်အဖြစ် သခင်၏အမှုတော်ကို ဆင်းရဲသားများနှင့် အကူအညီမဲ့သူများအတွက်ပင် ရည်ရွယ်ထားကြောင်း လုကာထောက်ပြခဲ့သည်။ ဤမှတ်တမ်း၏အဆုံးတွင် လူများမှတ်ချက်ပေးသည့် အတိုင်း၊ ဝတ်မွတ်သောသူနှင့် ဆင်းရဲသူတို့အားပြုသော ယေရှု၏ဓမ္မအမှုတော်သည် သူ၏လူတို့ကိုကူညီရန် ဘုရားသခင်ကြွလာကြောင်း သက်သေပြခဲ့သည်။

ထို့ကြောင့်၊ လုကာ၏ခရစ်ဝင်ကျမ်းသည် ဒုတိယမေးခွန်းကို မည်သို့ဖြေဆိုသနည်း_ ကျွန်ုပ်တို့သည် ယေရှုနောက်သို့ မည်သို့လိုက်ကြမည်နည်း။ ဆင်းရဲသားများအတွက် လုကာ၏စိုးရိမ်မှုနှင့်အညီ၊ ကျွန်ုပ်တို့ လုပ်နိုင်သောအရာတစ်ခုသည် အခြားသူများကို သနားကြင်နာမှုရှိရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲ သူများကို ပြုစုစောင့်ရှောက်သင့်ပြီး ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းသင့်သည်။ ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများ၊ အစားအစာ၊ ငွေနှင့် အချိန်တို့ကို ပေးကမ်းရန် ဆန္ဒရှိသင့်သည်။ အမှန်တကယ်၊ ဘုရားသခင်သည် ငတ်မွတ်သောသူများ၏ ဆုတောင်းချက်များကို ဖြေကြားရန်အတွက် မကြာခဏ ပရဟိတခရစ်ယာန်များကိုစေလွှတ်လေ့ရှိသည်။ လုကာ ၁၂း၃၃ တွင် ယေရှုပြောခဲ့သည့်အတိုင်း_

> သင်တို့ဥစ္စာများကို ရောင်း၍ ဆင်းရဲသားတို့အား စွန့်ကြဲကြလော့။
> မဆွေးမဟောင်း တတ်သော အိတ် တို့ကို ကိုယ်သုံးဘို့ လုပ်ကြလော့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သူခိုးမရောက်၊ ပိုးများမဖျက်ဆီး ရာအရပ်၊ ကောင်းကင်ဘုံ၌
> မကုန်မဆုံးနိုင်သောဘဏ္ဍာကို ဆည်းဖူးကြလော့ (လုကာ ၁၂း၃၃)။

ကျွန်ုပ်တို့သည် ကိုယ်တော်၏လူများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် သစ္စာရှိစွာ ယေရှုနောက်လိုက်သောအခါ၊ ထာဝရအမွေဥစ္စာကို ဆုချတော်မူသည်။

သခင်ယေရှုနောက်သို့ လိုက်နိုင်သောအခြားတစ်နည်းသည် ဘုရားသခင်သည်ကျွန်ုပ်တို့၏လိုအပ်ချက် များကိုလည်း ဖြည့်ဆည်းပေးမည်ဟူသောအချက်ကို ယုံကြည်စိတ်ချခြင်းဖြင့်ဖြစ်သည်။

လုကာ ၁၂:၂၂-၃၁ တွင် ယေရှု၏စကားများကို နားထောင်ပါ_

> တဖန် တပည့်တော်တို့အား မိန့်တော်မူသည်ကား၊ ထိုကြောင့် သင်တို့သည် အဘယ်သို့ စားရမည်ဟူ၍ အသက်အဘို့ မစိုးရိမ်ကြနှင့်။ အဘယ်သို့ ဝတ်ရမည်ဟူ၍ ကိုယ်အဘို့ မစိုးရိမ်ကြနှင့်ဟု ငါဆို၏။...ထိုကြောင့် အဘယ်သို့ စားရအံ့နည်း။ အဘယ်သို့သောက် ရအံ့နည်းဟူ၍ မရှာဖွေကြနှင့်။ သောကမွေ့ နှောက်ခြင်းလည်း မရှိကြနှင့်။... သင်တို့မူ ကား ဘုရားသခင်၏ နိုင်ငံတော်ကိုရှာကြလော့။ နောက်မှ ထိုအရာများကိုထပ်၍ ပေး တော်မူလတံ့ (လုကာ ၁၂:၂၂-၃၁)။

ဘုရားသခင့်နိုင်ငံတော်၏နိုင်ငံသားများအနေဖြင့်၊ ကြီးမြတ်သောဘုရင်ယေရှုခရစ်သည် ကျွန်ုပ်တို့ကို ဂရုစိုက်ပြီး ကျွန်ုပ်တို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးမည်ဟု ယုံကြည်စိတ်ချနိုင်ပါသည်။

ကယ်တင်ရှင်ကို ယုံကြည်ကိုးစားခြင်းအပေါ် ဤအလေးပေးမှုသည် လုကာ၏ခရစ်ဝင်ကျမ်းရှိ အခြား အကြောင်းအရာနှစ်ခုနှင့် ဆက်စပ်နေသည်_ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း။ ဥပမာ၊ လုကာ၏ခရစ်ဝင် ကျမ်းအစ၊ လုကာ ၂:၁၀-၁၄ တွင်၊ ဤကောင်းကင်တမန်ကြေညာချက်ကို ကျွန်ုပ်တို့ဖတ်ရသည်_

> လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည်သင်တို့ အားကြားပြောရ၏။...ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေ သတည်း။ မြေကြီးပေါ်၌ ငြိမ်သက်ခြင်း ရှိစေသတည်း။ (လုကာ ၂:၁၀-၁၄)။

အခန်းကြီးနှစ်ဆယ့်နှစ်ခန်း ပြီးနောက်တွင်၊ လုကာသည် သူ၏ခရစ်ဝင်ကျမ်းကို စတင်ခဲ့သည့်ပုံစံ အတိုင်း အဆုံးသတ်ခဲ့သည်။ သူ၏မှတ်တမ်းအဆုံးတွင်၊ တပည့်တော်များသည် ယေရှုနောက်သို့လိုက်ကြပြီး၊ အခန်းကြီး ၂ တွင် ကောင်းကင်တမန်များမှ ပရောဖက်ပြုခဲ့သော ဝမ်းမြောက်ခြင်းကို သူတို့ခံစားကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုအပြန်အလှန်စကားပြောဆိုမှုတွင် သုံးကြိမ်နှင့် ယောဟန် ၂၀ တွင် ယေရှုသည် "ငြိမ်သက်ခြင်းရှိစေသတည်း" ဟုမိန့်တော်မူသည်။ ၎င်းသည် နှုတ်ဆက်နေသည်ဟု ကျွန်ုပ်မထင်ပါ။ အမှန်တရား၏အခြေခံအုတ်မြစ်အား ပြောနေခြင်းဖြစ်သည်ဟု ထင် ပါသည်။ သင်သည်ဝေဒနာကို ကြုံခဲ့ရသော်လည်း၊ သင်ချစ်ရသူကို ဆုံးရှုံးခဲ့ရပြီဖြစ် ကြောင်း မသိကြ၊ ငါပြန်လာမည်ကို သင်တို့သည်မည်သည့်အခါမှ မသိခဲ့၊ မကြာမှီ ရောမတို့၏အာဏာရှင်စနစ်အောက်တွင် အသက်ရှင်ရမည်၊ ဖိနှိပ်မှုအောက် နေထိုင် ရမည်၊ ပိုဆိုးမည်၊ ငါသည်ဤအရပ်၌ရှိနေသည်ကို သင့်အားသိစေချင်သည်၊ ငါသည် ဤအရပ်၌ရှိနေစဉ်အခါ အခြေခံကျသည့်ငြိမ်းချမ်းမှုကို ယူဆောင်လာသည်။ ငါသည် သင်၏ဝမ်းမြောက်ခြင်းဖြစ်သည်။ ထို့ကြောင့် မည်သို့ပင်ဖြစ်စေ၊ သင်၏အပြင်ပိုင်း အသွင်အပြင် မည်သို့ပင်ဖြစ်စေ၊ သင်၏အတွင်းပိုင်းအခြေအနေ မည်သို့ပင်ဖြစ်စေ၊ သင်သည်ငါ့ကိုသိလျှင် စစ်မှန်သည့်ငြိမ်းချမ်းမှု၏အခြေခံ ရှိသည်။ သမ္မာကျမ်းစာတွင် တွေ့ရသော စကားလုံးသည် "shalom"ဖြစ်သည်။ ဤအလုံးစုံသော ဖြောင့်မတ်သော အုပ်စိုးမှုနှင့် ဘုရားသခင်၏ အုပ်ချုပ်မှုသည် မည်ကဲ့သို့သောအခြေအနေပင်ဖြစ်စေ ရှိနေသည်။ ထို့နောက်၊ ဝမ်းမြောက်ခြင်းကို ငါသည်ယူဆောင်လာပေးသည်။ သင့်အား နှစ်သိမ့်ပေးရန်အတွက်သာမဟုတ်။ စိတ်ခံစားမှုထက်သာလွန်သည့် ဝမ်းမြောက်ခြင်း၊ စစ်မှန်သည့် ဝမ်းမြောက်ခြင်းများကို ယူဆောင်လာရန် ငါသည်ဤအရပ်၌ရှိနေသည်။ ထိုဝမ်းမြောက်ခြင်းသည် ငါသည် ကမ္ဘာတစ်ခုလုံးကို ထိန်းချုပ်ထားကြောင်း အပြု သဘောဆောင်သော နားလည်မှုတစ်ခုဖြစ်ပြီး၊ ငါ့ထံဦးစွာ မရောက်သောမည်သည့် အရာမျှ သင်တို့၌ မဖြစ်စေရဟု ယေရှုမိန့်တော်မူသည်။ ဝိညာဉ်တော်၏အသီး အကြောင်း ပေါလုပြောသည့်ပုံစံကို ကျွန်ုပ်နှစ်သက်သည်။ ခရစ်ယာန်များ၏ အသက် တာကို ဖြည့်ဆည်းပေးရန် သန့်ရှင်းသောဝိညာဉ်တော် ကြွလာသောအခါ၊ သင်တို့အား လုံး ချစ်ကြလိမ့်မည်၊ အခြားစကားတစ်ခွန်းမှာ သင်ဝမ်းမြောက်ရလိမ့်မည် ဖြစ်သည်။ ၎င်းတို့အား ခွဲခြား၍မရဟု ထင်ပါသည်။ မှန်ပါသည်၊ သူသည်အခြားအရာခြောက်ခု ကို ထပ်၍ထည့်သည်၊ သို့သော်လည်း အဓိကအချက်မှာ ဘုရားသခင်၏ချစ်ခြင်း မေတ္တာသွန်းလောင်းခြင်း သို့မဟုတ် ကျွန်ုပ်နှလုံးသားထဲရောက်လာသောအခါ တုံ့ပြန်မှုသည် လက်တွေ့ဘဝကို ကျွန်ုပ်ကိုယ်တိုင်၏နားလည်မှုဖြင့် အသက်မရှင် တော့ပါ၊ ၎င်းသည် အဆိုးမြင်ခြင်းဖြစ်နိုင်သည်၊ မကောင်းမြင်ခြင်းဖြစ်နိုင်သည်၊ ဆန့်ကျင်ဘက်သဘောဆန်ခြင်းလည်း ဖြစ်နိုင်သည်။ သို့သော်

> သခင်ယေရှုရှိနေချိန် တစ်ခုတည်းသော တုံ့ပြန်မှုသည်၊ ကျွန်ုပ်ငြိမ်သက်ခြင်းတွင်ရှိနေသည်။ သူသည် ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ကျွန်ုပ်အသက်တာသို့ ယူဆောင်လာခဲ့ပြီး၊ ကျွန်ုပ် သည် ဝမ်းမြောက်ရွှင်လန်းကာ မျှော်လင့်ချက်ရှိသည်။ အကြောင်းမှာ ယေရှု၌ ရှုံးနိမ့်ခြင်းမရှိပါ။ "ကွဲပြားသောအရာများ" မရှိပါ။ သူသည် အရာခပ်သိမ်းကို အလုံးစုံ၊ ပြည့်စုံစွာ အတူတကွစုစည်းပေးသည်။

**ဒေါက်တာ Bill Ury**

လုကာ ၂၄:၅၂-၅၃ တွင် လုကာ၏နောက်ဆုံးစကားများကို နားထောင်ပါ_

> တပည့်တော်တို့သည် ကိုယ်တော်ကို ပြပ်ဝပ်ကိုးကွယ်ပြီးမှ အလွန်ဝမ်းမြောက်ဝမ်း သာခြင်းနှင့် ယေရုရှလင်မြို့သို့ ပြန်သွားကြ၏။ ဘုရားသခင်ကို အံ့ဩချီးမွန်းလျက် ဗိမာန်တော်သို့ ရောက်မြဲရောက်ကြ၏ (လုကာ ၂၄:၅၂-၅၃)။

လုကာ၏ခရစ်ဝင်ကျမ်းတွင်၊ သခင်ယေရှုနောက်လိုက်ခြင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့် ဘုရားသခင်၏ကောင်းချီးများအားလုံး၌ ဝမ်းမြောက်ခြင်း၊ ကိုယ်တော်၌ ငြိမ်းချမ်းစွာအနားယူခြင်း၊ ကျွန်ုပ်တို့ ၏လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးရန်အတွက် ကိုယ်တော်ကိုယုံကြည်ကိုးစားခြင်းနှင့် အခြားသူများ ထံ ဤတူညီသောကောင်းချီးများယူဆောင်ပေးရန် ကိုယ်တော်အသုံးပြုလိုစိတ်ရှိခြင်းကို ဆိုလိုသည်။

မဿဲ၊ မာကု၊ လုကာတို့သည် "ယေရှုသည် မည်သူနည်း" ဟူသည့်မေးခွန်းကိုမည်ကဲ့သို့အဖြေပေး သည်ကို တွေ့မြင်ပြီးနောက်၊ "ကျွန်ုပ်တို့သည် ယေရှုနောက်သို့ မည်သို့လိုက်ကြမည်နည်း"ဟူသည့် မေးခွန်း များကို ယောဟန်မည်သို့ထူးခြားစွာဖြေကြားခဲ့သည်ကို သုံးသပ်ရန်အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

## ယောဟန်၌ ယေရှုသည် မည်သူနည်း။

သူ၏ခရစ်ဝင်ကျမ်းတွင်၊ ယောဟန်သည် ယေရှုအား ထာဝရကယ်တင်ခြင်းအစီအစဉ်ကို ပြီးမြောက် စေသော ဘုရားသခင်၏သားတော်အဖြစ် ပုံဖော်ခဲ့သည်။ ဘုရားသခင်၏သားတော်အဖြစ် ယေရှု၏လက္ခဏာ ကို အလေးပေးရာတွင်၊ ခမည်းတော်နှင့် ယေရှု၏ထူးခြားသောဆက်ဆံရေးအကြောင်း ယောဟန်ပြောခဲ့ သည်။ ယေရှုသည် ခမည်းတော်၏အဆုံးစွန်သော ဖွင့်လှစ်ဖော်ပြခြင်းဖြစ်ပြီး ကိုယ်တော်ကို ယုံကြည်သူတိုင်း အတွက် ထာဝရအသက်ကို ရရှိစေသည့် တစ်ဦးတည်းသောသူဖြစ်သည်။ ဥပမာအားဖြင့်၊ အခြားသော ခရစ်ဝင်ကျမ်းရေးသူသုံးဦးသည် ယေရှုမွေးဖွားခြင်း သို့မဟုတ် သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်ဖြင့်

၎င်းတို့၏မှတ်တမ်းများကို စတင်ခဲ့သော်လည်း၊ ယောဟန်သည် ဘုရားသခင်၏သားတော်သည် ဖန်ဆင်းခြင်းတွင် ခမည်းတော်နှင့်အတူ ပါဝင်ပတ်သက်ခဲ့သည်ဟုဆိုကာ သူ၏ခရစ်ဝင်ကျမ်းကို စတင်ခဲ့သည်။ ယခုအခါတွင် ခမည်းတော်သည် သူ၏တစ်ဦးတည်းသောသားတော်အားဖြင့် ထင်ရှားပေါ်လွင်လျက်ရှိသည်။

ယောဟန်သည် ဤဘုန်းကြီးသောသတင်းစကားကို ဟောပြောသည့်နောက်တစ်နည်းမှာ သခင်ယေရှု ပြောသော "ငါဖြစ်သည်အတိုင်းငါဖြစ်၏" ဟူသောစကားဖြစ်သည်။ ဤဖော်ပြချက်များတွင်၊ ယေရှုသည် "Jehovah" ဟုပြန်ဆိုထားသော ဘုရားသခင့်ပဋိညာဉ်အမည်နာမဖြစ်သော "Yahweh" ကို ရည်ညွှန်းခဲ့သည်။ ထွက်မြောက်ရာ ၃:၁၄ တွင်၊ "Jehovah" ဟူသောအမည်သည် အဓိကအားဖြင့် "ငါဖြစ်သည်အတိုင်းငါဖြစ် ၏" ဟု ဘုရားသခင်ကိုယ်တော်တိုင် ရှင်းပြခဲ့သည်။ ယောဟန် ၆:၃၅ တွင် ယေရှုသည်ဤနာမကို "ငါသည် အသက်မုန့်ဖြစ်၏" ဟုရည်ညွှန်းခဲ့သည်။ ၎င်းကို "ငါသည် ဤလောက၏အလင်းဖြစ်၏" ဟူသောစကားစု ၈:၁၂ နှင့် ၉:၅ တို့တွင်လည်း တွေ့ရှိနိုင်သည်။ ၁၀:၇၊ ၉ တွင် "ငါသည် တံခါးဝဖြစ်၏" ဟုဖတ်ရသည်။ ၁၁:၂၅ တွင် "ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။" ၁၄:၆ တွင် "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားကိုလည်းဖြစ်၏။ အသက်သည်လည်းဖြစ်၏။" ၁၅:၁ တွင်၊ "ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်၏" ဟုကျွန်ုပ်တို့တွေ့ရှိရသည်။ ၈:၅၈ တွင်၊ ယေရှုသည် "ငါဖြစ်သည်အတိုင်းငါဖြစ်၏" ဟု အထွတ်အထိပ်ကြေငြာခဲ့သည်။ ဤဖြစ်ရပ်တစ်ခုစီတွင်၊ ယေရှုသည် ဘုရားသခင်၏ မြင့်မြတ်သော ဓမ္မဟောင်းအမည်ကို ကိုင်ဆောင်သူဖြစ်ကြောင်း မိမိကိုယ်မိမိ ကြေငြာခဲ့ပြီး၊ ဘုရားသခင်ကို သူ၏ပုဂ္ဂိုလ်၌ ထုတ်ဖော်ပြသခဲ့သည်။

ဘုရားသခင်၏ ထာဝရကယ်တင်ခြင်းအစီအစဉ်တွင် ယေရှု၏နေရာသည်အဓိကဖြစ်ကြောင်း ယောဟန် ၁၇ တွင် ယေရှု၏ယဇ်ပုရောဟိတ်မင်းဆုတောင်းချက်၌ အထူးထင်ရှားသည်။

ယောဟန် ၁၇:၂၄ တွင် ယေရှုဆုတောင်းခဲ့သည်ကို နားထောင်ပါ_

> အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမှီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အား ပေးတော်မူသော ဘုန်းတော်ကို အကျွန်ုပ်အား ပေးတော်ပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာ အရပ်၌ အကျွန်ုပ်နှင့်အတူ ရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏ (ယောဟန် ၁၇:၂၄)။

ယေရှုသည် မိမိနောက်လိုက်များ၏ ကယ်တင်ခြင်းကို ဖန်ဆင်းခြင်းမတိုင်မီသားတော်အတွက် ခမည်းတော်၌ရှိခဲ့သော ချစ်ခြင်းမေတ္တာနှင့် ဆက်စပ်ခဲ့သည်။ သူ၏ဆိုလိုချက်မှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်း သည် ယေရှုအပေါ် ခမည်းတော်၏မေတ္တာသွန်းလောင်းခြင်းတစ်ခုပင် ဖြစ်သည်။

ထို့ကြောင့်၊ ယောဟန်သည် ယေရှုအား ထာဝရကယ်တင်ခြင်းအစီအစဉ်ကို ပြီးမြောက်စေသော ဘုရားသခင်၏သားတော်အဖြစ် သရုပ်ဖော်မည်ဆိုပါက၊ ယောဟန်၏ခရစ်ဝင်ကျမ်းသည် ကျွန်ုပ်တို့၏ ဒုတိယမေးခွန်းကို မည်သို့ဖြေဆိုမည်နည်း။ ကျွန်ုပ်တို့သည် ယေရှုနောက်သို့ မည်သို့လိုက်ကြမည်နည်း။

ယောဟန်၏ခရစ်ဝင်ကျမ်းတွင်၊ ကျွန်ုပ်တို့ ယေရှုနောက်သို့လိုက်သော အဓိကနည်းလမ်းမှာ ဘုရား သခင်ကိုချစ်မြတ်နိုးခြင်းနှင့် အချင်းချင်း ချစ်ခြင်းမေတ္တာကိုပြသခြင်းအားဖြင့် ဖြစ်သည်။ ယေရှုသည် ကျွန်ုပ် တို့နည်းလမ်းအမျိုးမျိုးဖြင့် လိုက်လျှောက်ရန် ဤပုံစံကို ချမှတ်ခဲ့သည်။ ဥပမာအားဖြင့်၊ ယောဟန် ၁၇:၂၃-၂၆ တွင် ခမည်းတော်၏သားတော်အပေါ်ထားသော ချစ်ခြင်းမေတ္တာအကြောင်း ယေရှုမိန့်ဆိုခဲ့သည်ကို တွေ့မြင်ရ သည်။ ၎င်းသည် ယေရှုပြီးမြောက်ခဲ့သော ထာဝရကယ်တင်ခြင်းအစီအစဉ်နောက်ကွယ်မှ သားတော်အတွက် ခမည်းတော်၏ ထာဝရချစ်ခြင်းမေတ္တာဖြစ်သည်။ ထို့ကြောင့်၊ ယောဟန်၏ခရစ်ဝင်ကျမ်းတွင် တပည့်တော် ဖြစ်ခြင်းသည် ချစ်ခြင်းမေတ္တာဖြင့် သွင်ပြင်လက္ခဏာဆောင်ကြောင်း အဓိပ္ပာယ်ရှိသည်။ ယောဟန် ၁၃း၃၄-၃၅ တွင် သခင်ယေရှု သူ၏နောက်လိုက်များအား မိန့်တော်မူသည့်အတိုင်း_

> သင်တို့သည် အချင်းချင်းတယောက်ကိုတယောက် ချစ်ကြလော့။ ငါသည်သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏ တပည့်ဖြစ်သည်ကို သိကြလိမ့်မည်ဟု မိန့်တော်မူ၏ (ယောဟန် ၁၃း၃၄-၃၅)။

ယောဟန်၏အဆိုအရ၊ ကျွန်ုပ်တို့သည် သူချစ်သည်နည်းတူ အချင်းချင်းချစ်ခြင်းမေတ္တာဖြင့် ယေရှု နောက်သို့ လိုက်ကြသည်။

ဤနည်းအားဖြင့်၊ တပည့်တော်ဖြစ်ခြင်းကို အစပြုကာ မေတ္တာဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရား သခင်၏ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့၏တပည့်တော်ဖြစ်ခြင်းကို အစပြုစေသည်။ ကျွန်ုပ်တို့အချင်း ချင်းကြား ဘုရားသခင်၏ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့၏တပည့်တော်ဖြစ်ခြင်းကို ဖော်ပြသည်။ ၎င်း သည် ယောဟန်သည် သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံး သူ့ကိုယ်သူ "ယေရှုချစ်သောတပည့်တော်" မဟုတ်ဘဲ "ချစ်သောတပည့်တော်" ဟု အဘယ်ကြောင့် ရည်ညွှန်းသည်ကို နားလည်ရန် ကူညီပေးပါသည်။ သူတပါးကိုချစ်နိုင်စွမ်းသည် သခင်ယေရှု၏သူ့ကိုချစ်သော ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်မှ ဆင်းသက် လာသည်ကို သူသိသည်။ ယေရှု၏နောက်လိုက်များသည် ဦးစွာချစ်ခံရပြီး၊ ထို့နောက် အချင်းချင်းချစ်ရန်ဖြစ် သည်။

> ခရစ်ဝင်ကျမ်းလေးစောင်ရှိ ထူးခြားချက်များသည် ၎င်းတို့သည် အချင်းချင်းကိုက်ညီမှု မရှိကြခြင်းလော၊ ဆန့်ကျင်ဘက်မှတ်တမ်းများကို ဖော်ပြနေကြခြင်းလောဟု စဉ်းစား နိုင်သော်လည်း ထိုသို့ဖြစ်မည်ဟု လုံးဝမထင်ပါ။ ကျွန်ုပ်တို့၌ရှိသော ခရစ်ဝင်ကျမ်း လေးစောင်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု၏မှတ်တမ်းနှင့်ပတ်သက်၍ ကိုက်ညီသောရှုထောင့်လေးခု ဖြစ်သည်ဟု ထင်ပါသည်။ ခရစ်ဝင်ကျမ်းလေးစောင်စလုံးသည် အပြစ်သားများကို အပြစ်နှင့်သေခြင်းမှ ကယ်တင်ရန် ဤလူသား၏ လောကသို့ကြွလာတော်မူသော ဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၏သမိုင်းကြောင်းကို ကျွန်ုပ်တို့အား ပြောပြနေခြင်း ဖြစ်သည်ဟူသော အယူအဆဖြင့် စုစည်းထားပါသည်။ ခရစ်ဝင်ကျမ်းတစ်ခုစီသည် ယေရှုအား မတူညီသောရှုထောင့်မှကြည့်ရှုပြီး သူ၏အသက်တာ၏ ကွဲပြားခြားနား သောအသေးစိတ်အချက်အလက်များကို အလေးပေးဖော်ပြသည်။ သို့သော် ထို သတင်းစကားများနှင့် ရှုထောင့်များသည် ဆန့်ကျင်ဘက်မဟုတ် ကိုက်ညီမှုရှိသည်။

**ဒေါက်တာ Steven Cowan**

# နိဂုံး

ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းများကို လေ့လာခြင်းအကြောင်း မိတ်ဆက်ပေးထား ပါသည်။ ခရစ်ဝင်ကျမ်းများသည် ယုံကြည်စိတ်ချရသော သမိုင်းဆိုင်ရာဇာတ်လမ်းများဖြစ်ကြောင်း သတိပြု မိကြပြီး သူတို့၏စာပေဆိုင်ရာလက္ခဏာများကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ၎င်းတို့သည် ဓမ္မသစ်ကျမ်းစာ၏ စစ်မှန်သော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းသိမြင်ပြီး၊ အသင်းတော်ရှိ ၎င်းတို့၏အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ ထို့ပြင် သူတို့အားလုံးကို ယေရှုနှင့် တပည့်တော်ဖြစ်ခြင်းနှင့်သက်ဆိုင်၍ သီးခြား ပုံစံဖြင့် ပုံဖော်ထားသော်လည်း၊ သူတို့အားလုံးသည် ဘုရားသခင့်နိုင်ငံတော်၏တူညီသောမှတ်တမ်းကို ပြောပြ ကြသည်ကိုတွေ့ရပြီး၊ တစ်ခုနှင့်တစ်ခုကိုကျွန်ုပ်တို့ နှိုင်းယှဉ်ကြည့်ခဲ့ကြပါသည်။

ခရစ်ဝင်ကျမ်းများကို နားလည်ခြင်းသည် ခရစ်ယာန်တိုင်းအတွက် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့ သည် ဤဘဝနှင့် နောက်ဘဝဆိုင်ရာ ကျွန်ုပ်တို့၏ယုံကြည်ကိုးစားမှုအားလုံးကို မျက်နှာချင်းဆိုင်မတွေ့ဖူး သော ယေရှု၏လက်၌ ထားရှိကြသည်။ ကိုယ်တော်အကြောင်း ကျွန်ုပ်တို့သိသမျှသည်၊ နှုတ်ကပတ်တော်အား ဖြင့်သိကြသည်—အထူးသဖြင့် ခရစ်ဝင်ကျမ်းများအားဖြင့်။ ဧဝံဂေလိဟောပြောသူတစ်ဦးစီ၏သတင်းစကား သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်အသက်တာအပေါ် မည်သို့အကျိုးသက်ရောက်သည်ကို နားလည်နိုင်စေရန် အတွက် ဤမိတ်ဆက်သင်ခန်းစာတွင် ကျွန်ုပ်တို့သင်ယူခဲ့သည့်အရာများသည် ခရစ်ဝင်ကျမ်းလေးစောင် တစ်ခုစီကို ပိုမိုနက်ရှိုင်းစွာလေ့လာရန် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးခဲ့သည်ဟု မျှော်လင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။